# တမန်တော်နည်းလမ်း



## လူများ ပုံသက်သေ(ပုံစံ) ရည်ရွယ်ချက်

ပေါလ်ဂါလီဂန်
နီးကြားသောသာသနာလုပ်ငန်းသြစတြေးလျ

**အခန်း(၃)**

# တမန်တော်၏ ရည်ရွယ်ချက်

## ဘုရားသခင်၏ ရည်ရွယ်ချက်သည် မည်သည့်အရာဖြစ်သနည်း။

မြေကြီးပေါ်တွင် ရင့်ကျက်သော အသင်းတော်ရှိစေရန်နှင့် မြေကြီး ပေါ်တွင် ဘုရားသခင်၏ ရည်ရွယ်ချက် ပြည့်စုံစေရန်ဖြစ်သည်။ အသင်း တော်သည် ကောင်းကင်ဘုံသို့ ဝင်စားပို့ရန် ဗီစာပေးသော သံရုံးမဟုတ်ပါ။

## အသင်းတော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို မည်သို့ပြည့်စုံ စေသနည်း။

ရောမ ၁း၅ - မေရှိယတည်းဟူသော ယေရှုအားဖြင့် ကျွန်တော်တို့သည် "ကျေးဇူးတော်နှင့်တမန်တော်အရာကို ငါတို့သည်ခံရကြပြီ" ထိုသခင်ခေါ်ထား တော် မူသော သင်တို့သည်လည်း ထိုလူမျိုးတို့၌ အပါအဝင်ဖြစ်ကြ၏။

ကမ္ဘာပေါ်တွင် မေရှိယယေရှုအကြောင်းကို လူမျိုးတကာတို့ထံသို့ မှန်ကန် စွာနှင့် လုံလောက်စွာ ဟောပြောသည့် အသင်းတော်တစ်ခု ရှိလိမ့်မည်။

ဤအသင်းတော်သည် ကျေးဇူးတော်နှင့် တမန်တော်တို့အားဖြင့် ဖွဲ့စည်း လိမ့်မည်။ ထိုမှသာ လူမျိုးတကာတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံ၍ လူမျိုးတကာတို့သည် အချိန်တန်လျှင် ဖွင့်ဟလာပြီး၊ ဤရင့်ကျက်သော အသင်းတော်သည် ဘုရားသခင်၏အလိုတော်နှင့်နှုတ်ကပတ်တော်ကို လက်ခံရရှိမည်။

လူမျိုးတကာတိုင်းအတွက် ဘုရားသခင်သည် အခွင့်အရေးပြတင်းပေါက် ကို ပေးလိမ့်မည်။ ဘုရားသခင်သည် သူ၏တမန်တော်များ၊ ပရောဖက်များ၊ သာသနာပြုဆရာများ၊ သင်းအုပ်ဆရာများနှင့် ဆရာများကို ထိုအခွင့်အရေး ပြတင်းပေါက်မှတဆင့် သွားရန်အသင့်ရှိစေမည်ဖြစ်သည်။

ကျေးဇူးတော်အားဖြင့်

Pentecostal / Charismatic အသင်းတော်တွင် ကျေးဇူးတော် သည် အလွန်အရေးပါစေကြသည်။ တန်ခိုး၊ ဘိသိက်ခြင်းနှင့် ဆုကျေးဇူးများကို အာရုံပြုကြသည်။ မည်သို့ပင်ဖြစ်စေ ကျေးဇူးတော်သည် ဝင်ရောက်နိုင်ပေးသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးသည် သက်သေခံရန် ပေးအပ်ထား သော်လည်း၊ ကျွန်တော်တို့သည် ကျေးဇူးတော်အားဖြင့် လူမျိုးတကာတို့ထံသို့ ရောက်ရှိနိုင်သည်။

ကျေးဇူးတော်သည် ဘုရားသခင်၏ ပင်ကိုယ်ကြွင်အင်လက္ခဏာ၏ သဘောသဘာဝဖြစ်သည်။ ထွက် ၃၄း၆-၇က ထာဝရဘုရားသည် ကြီးမြတ်၍ သူဖြစ်သည်အတိုင်း သူဖြစ်သည်။ ထို့နောက် ဓမ္မသစ်ကျမ်း သွန်သင်ပေးသည်မှာ ကျေးဇူးတော်အားဖြင့် တမန်တော်တို့သည် လူမျိုးတကာတို့ထံသို့ ရောက်ရှိရန် လှုံ့ဆော်ပေးသည်။ (ရောမ ၁း၅) ခုနှစ်တစ်လုံး၏ အသိပညာအားဖြင့် ဖေက် ၄း၄-၆

ဤသည်မှာ အံ့သြဖွယ်ကောင်းသော ကြေငြာချက်တစ်ခု ဖြစ်သည်။ မျှော်လင့်ခြင်းတပါး၊ သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ ဘုရားသခင် တပါး နှင့် ခမည်းတော်တစ်ဆူတည်းရှိသည်။ ဤအံ့သြဖွယ်ကောင်းသော ကြေငြာချက်ကို သင်စဉ်းစားဖူးပါသလား။ ခုနှစ်တစ်လုံးအတွင်း၌ ကျွန်တော်တို့၏ ယုံကြည်ခြင်း၏ အဓိကဗျာဒိတ်တော်များဖြစ်သည်။

ဤ "တစ်ခု" ကို နားလည်စေနိုင်ရန်အတွက် ယေရှုသည် ကျွန်တော်တို့ကို အမှုတော်အတွက် တမန်တော်၊ ပရောဖက်၊ သာသနာပြုဆရာ၊ သင်းအုပ်ဆရာ နှင့် ဆရာတည်းဟူသော ဆုကျေးဇူးပေးအပ်ခဲ့သည်။ (ဖေက် ၄း၁၁)။ လွန်ခဲ့သော အချိန်က အမှုတော်ငါးပါးနှင့် စပ်လျဉ်း၍ ကျွန်တော်သီးသန့်သွန်သင်ပေးခဲ့ပြီး၊ ခုနှစ်တစ်ခုကိုမူ

ဟောပြောရန်နှင့် သွန်သင်ပေးရန် လိုအပ်သည်ဟု ယူဆခဲ့သည်။

ကျွန်တော်တို့သည် ဗတ္တိဇံအားဖြင့် ဘုရားသခင်၏ အလိုတော်နှင့်အညီ အင်္ဂါချင်းဖြစ်လာသည့် ခရစ်တော်၏ ခန္ဓာတည်းဟူသော ခန္ဓာကိုယ်အကြောင်းကို ဟောပြောဝေငှရန်လိုအပ်သည်။ (၁ကော ၁၂း၁၂-၁၃၊၁၈)။ ကျွန်တော်တို့သည် ဗတ္တိဇံတပါးကို ဟောပြောရန်လိုအပ်ပြီး၊ ကျွန်တော်တို့ခေတ်တွင် သန့်ရှင်းသော ဝိညာဉ်တော်ရရှိရန် အလွန်လိုအပ်ကြောင်းကို ကျွန်တော်တို့ ဟောပြောဝေငှရန် လိုအပ်သည်။ ကျွန်တော်တို့သည် ကိုယ်ကိုကိုယ် မေးရမည့်မေးခွန်းမှာ- ကျွန်တော်တို့သည် တစ်စုတစ်စည်းတည်း ဖြစ်လာရန် ယုံကြည်ခြင်းကား အဘယ်နည်း။ ကျွန်ုပ်တို့၏ ခေါ်ဖိတ်ခြင်း၏ မျှော်လင့်ခြင်းကား အဘယ်နည်း။ မည်သူသည် သခင်ဖြစ်သနည်း။ ကျွန်ုပ်တို့၏ အဖခမည်းတော်တည်းဟူသော ဘုရားသခင်တစ်ဆူတည်းရှိသည်။

## ထိုပြီးပြည့်စုံသော လူဖြစ်ရန် ကြီးထွားလာခြင်း
## ဧဖက် ၄း၇-၁၆၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ငယ်၇ ခရစ်တော်သည် ဆုပေးတော်မူသည့်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးသီးကိုယ်စီ ခံရကြပြီ

ငယ်၈ မြင့်သောအရပ်သို့ တက်ကြွတော်မူသဖြင့် များစွာသော သူတို့ကို ဘမ်းသွားတော်မူ၍ လူတို့အား ဆုလပ်များကို (အများကိန်း) ပေးတော်မူသည်ဟု လာသတည်း။ ဆုကျေးဇူးသည် ဆုကျေးဇူးများဖြစ်လာသည်။

ငယ်၉-၁၀ တက်ကြွတော်မူသည်ဟုဆိုသော် အစစွာမြေကြီးအောက်အရပ်သို့ ဆင်းသက်တော်မူကြောင်းကို ရည်မှတ်၍ ဆိုသည်မဟုတ်လော။ ဆင်းသက်တော် မူသောသူသည် အခြားသူမဟုတ်၊ အလုံးစုံတို့ကို ပြည့်စုံစေခြင်းငှါ၊ ခပ်သိမ်းသော ကောင်းကင်တို့၏ အထွဋ်ကိုလွန်၍ တက်ကြွတော်မူသောသူ ဖြစ်သတည်း။

ငယ် ၁၁ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ် အရာ၊ ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏။

ငယ်၁၂ ဤဆုကျေးဇူးများကို ပေးအပ်သည်။

- သန့်ရှင်းသူတို့ကို ပြင်ဆင်ရန် (ခန္ဓာကိုယ်ကို စနစ်တကျ ရှိစေရန်)
- "ဓမ္မအမှုကို ဆောင်ရွက်ရန်" လုပ်ဆောင်နေသာ တမန်တော်များ ကျွန်တော်တို့လိုအပ်သည်။ လုပ်ဆောင်နေသော ပရောဖက်များ ကျွန်တော်တို့ လိုအပ်သည်။
- ခရစ်တော်၏ ခန္ဓာကိုယ်ကို တည်ဆောက်ရန်။

ငယ် ၁၃ ဆုလက်ဆောင်သည် ကျွန်တော်တို့အားလုံး

၁။ ယုံကြည်ခြင်း၌ တလုံးတဝ

၂။ ဘုရားသခင်၏ သားတော်အား အပြည့်အဝသိခြင်း

၃။ ပြီးပြည့်စုံသောလူဖြစ်ရန်။ ပန်းတိုင်မှာ ပြီးပြည့်စုံခြင်းဖြစ်သည်။ "စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့" ဟေဗြဲ ၆း၁။

၄။ ခရစ်တော်၏ ပြည့်စုံခြင်း ပမာအရပ်တည်းဟူသော။ ဤအရာသည် မည်သည့်ပုံစံဖြစ်နိုင်မည်ကို စိတ်ကူးကြည့်ကြပါစို့။

ငယ်၁၄ သူတပါးတို့သည် လူပရိယာယ်နှင့် အပြစ်သို့ သွေးဆောင်ခြင်းငှါ လှည့်ဖြား ပြောဆိုသဖြင့်၊ ငါတို့သည် နောက်တဖန် ခပ်သိမ်းသော ဩဝါဒလေတိုက်၍ ဖရိုဖရဲ လွင့်သွားသော သူငယ်မဖြစ်ဘဲလျက်။

ငယ်၁၅ မေတ္တာစိတ်နှင့် သမ္မာတရားကို ဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည့်အကြောင်းတည်း။ ဤအရာ၏ ဆိုလိုချက်မှာ အပေါ်ယံသဘောထားများကို ကျော်လွန်ပြီး လက်တွေ့အသက်တာ ထဲကို ရောက်ရန် လုပ်ဆောင်ဖို့ ဆိုလိုခြင်းဖြစ်သည်။ ဤအချိန်သည်

ယေရှုအကြောင်းအရာ ပြောဆိုရမည့် အချိန်ဖြစ်သည်။

ငယ် ၁၆ ပန်းတိုင်သည် အပြည့်အဝဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ် ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၌ အပြည့်အဝ ဖွဲ့စည်းတည်ဆောက်ခြင်း။ ဤအချက်တွင် အဖွဲ့သားအားလုံး ပါဝင်သည်။

ဘုန်းကြီးသော အသင်းတော်ဖြစ်လာရန် ကြီးထွားလာခြင်း- အသင်းတော်၊ သား၊ သမီး၊ ဇနီး ဖေက် ၅း၂၂-၃၃

- ဤရင့်ကျက်သော အသင်းတော်သည် ဘုရားသခင်ထံအပ်နှံသည်
- ခရစ်တော်သည် ကျွန်တော်တို့၏ ဦးခေါင်းဖြစ်၍ ကယ်တင်ရှင်လည်း ဖြစ်သည်။
- ကျွန်တော်တို့သည် အရာရာ၌ဖြစ်စေ အသက်တာတစ်ခုလုံး ခရစ်တော် နှင့် သက်ဆိုင်ရမည်။
- နှုတ်ကပတ်တော်တည်းဟူသော ရေအားဖြင့် ကျွန်တော်တို့ကို ဆေးကြော၍ သန့်ရှင်းစင်ကြယ်စေသည်။ နှုတ်ကပတ်တော်သည “Rhema”ဖြစ်၍ ထက်မြတ်သည့် နှုတ်ကပတ်တော်၊ ဘုရားသခင်၏ နှုတ်မှ ထွက်သော စကားဖြစ်သည်။ သင်သည် နှုတ်ကပတ်တော်ကို လေ့လာပြီး၊ နှုတ်ကပတ်တော်က သင့်ကို နေ့တိုင်း မည်သည့်စကားပြောသည်ကို ရှာဖွေလိုပါသလား၊ အကယ်၍ ကျွန်တော်တို့သည် နှုတ်ကပတ်တော်၌ မိမိကိုယ်ကို ဆက်လက်နှစ်မြှုပ်နေပါက “Rhema” ဟူသော နှုတ်တော်ထွက် စကားကို လက်ခံရန် ပိုမိုလွယ်ကူပြီး၊ ဘုရားသခင်သည် ကျွန်တော်တို့ထံ စကားပြောသည်ကို ကြားနိုင်ရန် လွယ်ကူသည်။
- ယေရှုသည် ဤအရာ လုပ်ဆောင်ရခြင်းမှာ သန့်ရှင်းပြီး၊ အပြစ်နှင့်ကင်း၍ အစက်အပြောက်မရှိသော ဘုန်းကြီးသည် အသင်းတော်ဖြစ်ရန် သူ့ကိုသူ ဆက်ကပ်အပ်နှံသည်။

## ဤအရာကို ယေရှုသည် မည်သည့်နေရာ၌ လုပ်ဆောင်သနည်း။

ယေရှုသည် နှုတ်ကပတ်တော်၏ အမှုတော်အားဖြင့် မြေကြီးပေါ်တွင် ရှိသော အသင်းတော်ထံ ဤအမှုကို လုပ်ဆောင်နေပါသည်။ ဤသည်မှာ ယုံကြည်ခြင်းကို ယူဆောင်လာသော နှုတ်ကပတ်တော်ဖြစ်သည်။ (ရောမ ၁၀း၁၇)။

အောင်နိုင်သောသူများသည် ထိုအသင်းတော်ဖြစ်လိမ့်မည်။

ဗျာဒိတ်ကျမ်းရှိ အသင်းတော်ခုနစ်ပါးထံပေးသော စာစောင်ခုနစ်စောင် တွင် အောင်နိုင်သော သူတို့ကိုပေးသည့် ဆုလက်ဆောင်တစ်ခုရှိသည်။ ယေရှုသည် အောင်နိုင်သောအသင်းတော်မျိုးကို ရှာဖွေနေသည်။ တနင်္ဂနွေနေ့၌ ဝတ်ပြုဆုတောင်းသူများနှင့် ဗုဒ္ဓဟူးနေ့တွင် ဆုတောင်းတတ်သည့် အသင်းတော် မျိုးကို မရှာဖွေပါ။ သူသည် အောင်နိုင်သောသူများကို ရှာဖွေနေသည်။

အကယ်၍ ကျွန်တော်တို့သည် အောင်နိုင်သောသူမဖြစ်လျှင် ဆုလက်ဆောင်များကို ကျွန်တော်တို့ ရရှိမည်မဟုတ်ပါ။ အောင်နိုင်သောသူသည် ဆယ်ကြိမ်ထိတိုင်အောင်လဲသော်လည်း တဖန်ပြန်ထပြီး ကိုယ့်ခြေထောက်ပေါ် ရပ်တည်၍ ယုံကြည်ခြင်း၌ ဆက်သွားလိမ့်မည်။ အတိတ်ကို မေ့ပစ်လိုက်ပါ။ ရှေ့တွင်ရှိသော အရာ၌ အရောက်လှမ်း၍ ပန်းတိုင်ဆီသို့ ကြိုးစားအားထုတ်ပါ။

## ပန်းတိုင်ဆိုသည်မှာ အဘယ်နည်း။

“အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့် မည်”။ ဟဗက္ကုတ် ၂း၁၄။ ဘုန်းကြီးခြင်းပညာကို မည်ကဲ့သို့ ကျွန်တော်တို့ ရရှိ နိုင်သနည်း။ တပည့်တော်ဖြစ်စေခြင်းဖြစ်သည့် “သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့” (မသဲ ၂၈း ၁၉)နှင့် “တမန်တော်တို့၏ အယူဝါဒ” (တမန် ၂း၄၂)၌ ဆက်လက်တည်နေ၍ တပည့်တော်ဖြစ်စေခြင်းအားဖြင့် ရရှိနိုင်သည်။

**ပန်းတိုင်မှာ အသစ်သောဖန်ဆင်းခြင်းဖြစ်သည်။**

တမန် ၂း၂၂-၃၆တွင် ပေတရုသည် ယေရှုအကြောင်း ဟောပြောခဲ့သည်မှာ "သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သောယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌ငှင်း ခန့်ထားတော်မူသည်" (ငယ် ၃၆)။ ပေတရုသည် ဘုရားသခင်ထမြောက်စေသော ယေရှုအကြောင်းကို အကျဉ်းချုပ်ဟောပြောခဲ့ သည်။ "သေခြင်းဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍"

> "သေခြင်းဝေဒနာ"သည် တိုက်ရိုက်အားဖြင့် "မွေးဖွားခြင်း ဝေဒနာများ" ဖြစ်သည်။ ယေရှုသည် ငရဲထဲ၌ ဝေဒနာကို ခံစားနေရသည်။ ယေရှုသည် "အမှုပြီးပြီ" ပြောသောအခါ၊ ခံစားခြင်းဝေဒနာကို ပြီးမြောက်ခဲ့သည်။ သမ္မာကျမ်းစာက ယေရှုသည် "ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကို ခံ၍ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်" (၁ပေ ၃း၁၈)။ ယေရှုသည် ခန္ဓာကိုယ်အားဖြင့် သေဆုံးပြီးနောက် ချက်ချင်းပင် ဝိညာဉ်အားဖြင့် ဖြစ်လာသည်။" ထိုဝိညာဉ် အားဖြင့်လည်း ကြွသွားတော်မူ၍ ယခုထောင်ထဲမှာ လှောင်ထားသော ဝိညာဉ်တို့အား တရားဟော တော်မူ၏" (ငယ် ၁၉)။

ယေရှုသည် တခုခုကို မွေးဖွားနေသည်။ သူသည် အသင်းတော်ကို တည်ဆောက် ရန် လိုအပ် ဆုလက်ဆောင်များကို ယူဆောင်လာသည်။ ယေရှုသည် မွေးဖွားခြင်း ဝေဒနာကို ခံစားခဲ့ပြီး၊ အသစ်သော ဖန်ဆင်းခြင်းကို ယူဆောင်လာသည်။ သူသည် သေခြင်းမှ ထမြောက်ပြီးနောက် ဖန်ဆင်းခြင်းမှန်သမျှတို့သည် ပြောင်းလဲခဲ့သည်။

ယေရှုအသေခံပြီးနောက် ကုလားကာသည် ကွဲပြဲပြီး၊ သင်္ချိုင်းများ ပွင့်သွား ခဲ့သည်။ ယေရှုရှင်ပြန်ထ မြောက်ပြီးနောက် သေသွားသော သန့်ရှင်းသူတို့၏ ခန္ဓာကိုယ်တို့သည် သင်္ချိုင်းမှထွက်လာကြ၍ ကိုယ် ထင်ရှားကြသည် (မသဲ ၂၇း ၅၁-၅၂)။ ဤသည်မှာ မြေကြီးအောက်အရပ်သို့ ဆင်းသက်၍ ယေရှု၏ အမှုတော်ကို ပြီးမြောက်စေသည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ (ဖေက် ၄း၈-၁၀)။

ယေရှုသည် ဝိညာဉ်တော်ဖြင့် အသစ်သောဖန်ဆင်းခြင်းကို ပေါ်ထွန်းစေ ရန် ဇာတိခန္ဓာကိုယ်၌ အသေခံပြီးနောက် မွေးဖွားခြင်းဝေဒနာကို ဖြတ်သန်း ခဲ့သည်။ ယေရှုသည် အသေခံရန် ကြွလာ၍ အသေခံကာ ဝိညာဉ်တော်ဖြင့် အောက်သို့ဆင်းကာ ဖန်ဆင်းခြင်းအသစ်ကို မွေးဖွားခဲ့သည်။

**ဖန်ဆင်းခြင်းအသစ်သည် မည်သည့်နေရာ၌ ရှိသနည်း။**

- မြေကြီးပေါ်၌ ရှိသည်။
- မြေကြီးသည် အပြစ်ကြောင့် ကျိန်ခြင်းခံခဲ့ရသည်။
- ယေရှုသည် အပြစ်၏ကျိန်ခြင်းကို မြေကြီးမှ ဖယ်ရှားရန် ကြွလာခဲ့သည်။

ထိုသို့ဖြစ်ရန် ယေရှုသည် အသေခံရန်၊ သင်္ဂြိုလ်ရန်၊ သေခြင်းမှ ထမြောက်ရန် လိုအပ်သည်။ ဤအရာအားလုံးသည် သမ္မာကျမ်းစာ၌ ရေးသားထားသောကြောင့် ဖြစ်ပျက်ရခြင်း ဖြစ်သည်။ (၁ကော ၁၅း၃-၄)

ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရ ဖြစ်တော်မူသော ဘုရားသခင်၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။

ဘုရားသခင်သည် ဤလောကအတွက် အကြံအစည်ရှိသည်။ ဘုရားသခင်၏ အကြံအစည်သည် သင့်ကို ကောင်းကင်ဘုံသို့ ခေါ်ဆောင်သွား ခြင်း မဟုတ်ပါ။ ထိုအကြောင်းကြောင့် ကျွန်တော်တို့သည် သွား၍ လူမျိုးတကာ တို့ကို တပည့်တော်ဖြစ်စေ၍ နာမတော်အားဖြင့် ဗတ္တိဇံပေးခြင်း၊ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးရန် လိုအပ်သည်။ ဤနည်းလမ်းဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာကို ပေးနိုင်သည်။

အာဒံကိုပေးသော ဘုရားသခင်၏ မူလအမိန့်တော် ပြည့်စုံလိမ့်မည်။ "အချင်းတို့များပြားစွာ မွေးဖွားကြလော့။ မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့။ အုပ်စိုး ကြလော့" (ကမ္ဘာ ၁း၂၈)။

တရားစီရင်သောနေ့တွင် နောသေည် မြေကြီးပေါ်တွင် လုံခြုံစွာ စောင့်ရှောက် ခဲ့ရသည်။

ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးမည့် ဖြောင့်မတ် သောလူမျိုးကို မြေကြီးပေါ်တွင် ထိန်းသိမ်းစောင့်ရှောက်သည်။ လူဘားသည် ကြွလာသောအခါ နောလေက်ထက်၌ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။ (မသဲ ၂၄း၃၆-၄၁)

ဂျုံနှင့်စပါးပင် ပုံဥပမာမှာ လူဆိုးတို့သည် ခေတ်ကာလကုန်ဆုံးချိန်တွင် တရားစီရင်ခြင်း၌ မီးကဲ့သို့ လောင်ကျွမ်းခြင်း ခံရမည့်အကြောင်းကို ဖော်ပြသည်။ (မဿဲ ၁၃း၄၁-၄၂)။ "ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်း သကဲ့သို့ မိမိတို့အဘ၏ နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့။ (မဿဲ ၁၃း၄၃)။

နိုင်ငံတော်သည် အဘယ်အရပ်၌ ရှိသနည်း။ နိုင်ငံတော်သည် လောကကမ္ဘာ၌ ရှိသည်။ (ငယ် ၃၈)

## ဉ)ပန်းတိုင်ကို ပြည့်စုံစေရန် မည်သည့်ခြေလှမ်းများ ရှိသနည်း။

ဟေဗြဲ ၆း၁တွင် "စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့" ဟေဗြဲ ၆း၃ တွင် ငါတို့သည် "ဘုရားသခင် အခွင့်ပေးတော်မူလျှင်" အခြေခံအုတ်မြစ်များ မှန်ကန်ပါက ဘုရားသခင်သည် ကျွန်တော်တို့ကို ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြု ပေးမည်ဖြစ်ပါသည်။

ခြေလှမ်း(၆)ခု ရှိသည်။

၁။ သေသောလုပ်ဆောင်ခြင်းများမှ နောင်တရခြင်း

၂။ ယေရှုခရစ်အားဖြင့် ကိုယ်ကိုတိုင်၏ ယုံကြည်ခြင်းကို ဘုရားသခင်အား ဦးတည်ရမည်။ (ယော ၁၄း၁)

၃။ ဗတ္တိဇံ၏ ဩဝါဒ - ဗတ္တိဇံသည် အပြစ်လွှတ်ခြင်းနှင့် နောင်တတရားအတွက်၊ သန့်ရှင်းသော ဝိညာဉ်တော် လက်ခံရရှိရန်၊ သူ၏ ခန္ဓာကိုယ်၌ ကျွန်ုပ် တို့အား ထားရှိရန်၊ သူ၏ နာမအားဖြင့် နစ်မြုပ်ရန်ဖြစ်သည်။

၄။ လက်များကို တင်ပေးခြင်းသည် သန့်ရှင်းသောဝိညာဉ်တော် လက်ခံရရှိ ရန်၊ ကောင်းကြီးဖြစ်စေရန်၊ တာဝန်ပေးအပ်ရန်၊ ခန့်အပ်ရန်၊ ကျွန်တော် တို့အားလုံးသည် ခန့်အပ်ခြင်းခံလိုသော ယဇ်ပုရောဟိတ်များဖြစ်သည်။

၅။ သေသောသူတို့၏ ရှင်ပြန်ထမြောက်ခြင်း - ထမြောက်သောသူ၏ အသက် တာကဲ့သို့ (ယော ၅း၂၄-၂၅)၊ ဒုတိယအကြိမ် မွေးဖွားခြင်းခံရသူကဲ့သို့ လျှောက်လှမ်း၍ ဘုရားသခင်၏သားတော်၏ အသံကို ကြားသောသူ ဖြစ်ရမည်။

၆။ ထာဝရတရားစီရင်ခြင်း- ကျွန်တော်တို့သည် နေ့ရက်စဉ်တိုင်း ကိုယ်တော် ကို ယုံကြည်ရန် ရွေးချယ်ပြီး၊ နေ့ရက်စဉ်တိုင်း သူနှင့်အတူ လျှောက်လှမ်း ရမည်။ ယေရှုကို ယုံကြည်ရန် ငြင်းပယ်သော သူတို့သည် ငရဲသို့ သွားရမည်။ ယေရှုသည် အပြစ်တရားကို ဖြေရှင်းခဲ့ပြီးပြီဖြစ်သည်။

## အုတ်မြစ်များကို တစ်ကြိမ်ချပြီးသောအခါ ကျွန်တော်တို့သည် မည်ကဲ့သို့ သောလူ ဖြစ်သင့်သနည်း။ (ဟေဗြဲ ၅း၁၂)

- ကျွန်တော်တို့သည် ဘုရားသခင်၏ ဘုန်းတော်အကြောင်းကို အခြားသူ များအား သွန်သင်ပေးသော ဆရာများဖြစ်သင့်သည်။
- အခြားသူများကို ပြည့်စုံခြင်းသို့ သွားနိုင်ရန် အုတ်မြစ်ချခြင်းအကြောင်းကို သွန်သင်ပေးသင့်သည်။
- ကျွန်တော်တို့သည် တပည့်တော်ဖြစ်ခြင်းမှ ဆရာများအဖြစ်သို့ ကြီးထွားရန် လိုအပ်သည်။
- ကျွန်တော်တို့သည် ကြေခဲသောအစာကို စားသုံး၍ ကြီးထွားရန်နှင့် ဖြောင့်မတ်ခြင်း၏ နှုတ်ကပတ်တော်ကို

စွဲကိုင်ရန် လိုအပ်သည်။

- တသက်လုံး နို့ကိုသာသောက်၍ အသက်ရှင်၍ မရပါ။

ဖြောင့်မတ်ခြင်း၏ နှုတ်ကပတ်တော်သည် ယုံကြည်ခြင်းကို လွှတ်စေ သော နှုတ်ကပတ်တော်ဖြစ်သည်။ (ဟေဗြဲ ၅း၁၃)။ တစ်ချိန်က သန့်ရှင်း သူများထံ အပ်နှင်းခံရသော ယုံကြည်ခြင်းတို့အတွက် စိတ်အားထက်သန်စွာ ယှဉ်ပြိုင်ပါဝင် ရမည်။ (ယုဒ ၃)။ ဤသည်မှာ လူတို့သည် ဘုရားသခင်၏ ဘုန်းတော်ကို မြင်နိုင် စေရန်အတွက် ကျွန်တော်တို့၏ မျက်နှာပေါ်တွင် အပြုံးများဖြင့် ယုံကြည်ခြင်း အတွက် အသေခံရန်ဖြစ်သည်။

## ဘုရားသခင်၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

၎င်းသည် မြေကြီးပေါ်တွင် ဘုရားသခင်၏ နိုင်ငံတော်အစိုးရကို တည်ထောင်ခြင်းဖြစ်သည်။ အစိုးရသည် ဘုရားသခင်၏သားတော်၏ ပခုံးပေါ်၌ ရှိနေသည် (ဟေရှာယ ၉း၆)။ သူ၏နိုင်ငံသည် အစဉ်အမြဲတိုးတက်လိမ့်မည်။ (ဟေရှာယ ၉း၇)

သူ၏နိုင်ငံသည် မြေကြီးပေါ်တွင် တွေ့မြင်ရ၍ ဖွဲ့စည်းထားသည်ကို မြင်တွေ့ရမည်။ နှောင်ယှက်သောသူနှင့် တရားမဲ့သောသူအပေါင်းတို့သည် သူ၏ နိုင်ငံတော်မှ နှုတ်ပစ်ခြင်း(ဖယ်ရှားခြင်း)ခံရမည်။ (မဿဲ ၄၁-၄၂)။

ကျွန်တော်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်တွင် မည်သို့ပါဝင်နိုင်သနည်း။

- စိတ်၏ပြင်းထန်သော ပြောင်းလဲခြင်းရှိရန် နောင်တရခြင်း
- ယေရှုခရစ်၏ ဧဝံဂေလိတရားနှင့် နှုတ်ကပတ်တော်ကို ယုံကြည်ခြင်း။
- မေရှိယယေရှု၏ နာမတော် (ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏နာမ) အားဖြင့် ဗတ္တိဇံခံယူခြင်း။ ထိုနာမတော်ကား ယေရှု၏နာမတော်ဖြစ်သည်။ ထိုနာမ၏ ဆိုလိုရင်းမှာ ပုဂ္ဂိုလ်တကာတို့၏ ပုဂ္ဂိုလ်ဖြစ်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖခင်များစွာ ရှိကြသော်လည်း သူ၏နာမတော်ကား အဘယ်သို့နည်း။ ကမ္ဘာပေါ်တွင် သားများစွာ ရှိသော်လည်း သူ၏နာမတော်က အဘယ်သို့နည်း။ (တမန် ၂း၃၈၊ တမန် ၁၉း၅၊ တမန် ၈း၁၆-၁၇)။
- သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို လက်ခံပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးသည် ပင်တေကုတ္တေပွဲနေ့တွင် အရိပ်အမြွက် ပြခဲ့ပြီ။ သိနာတောင်ပေါ်၌ ကျောက်ပြားများပေါ်တွင် ပညတ်တရားပေး ဆောင်ခြင်းကို ပြန်ကြည့်ခြင်းဖြစ်သည်။
- ရှင်ပြန်ထမြောက်သော အသက်တာဖြင့် လျှောက်လှမ်းပါ။ ထိုအရာမှာ ဧဝံဂေလိသတင်းကောင်းအတွက် ကျွန်တော်တို့၏အသက်ကို စတေးခြင်း ဖြစ်သည်။ မာတုရဆိုသည်မှာ ကျွန်တော်တို့အထဲ၌ရှိသော ရှင်ပြန်ထမြောက်ခြင်း အသက်တာ၏ သက်သေဖြစ်သည်။
- ထာဝရတရားစီရင်ခြင်း/ ရှုံ့ချခြင်းကို ဟောပြောဝေငှခြင်း - သူ့ကို ယုံကြည် သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်ရ။ ဤအဖြစ် အမှန်အကြောင်းကို လူတို့အား သတိပေးပြီး၊ တိုက်တွန်းနှိုးဆော်ရမည် ဖြစ်သည်။
- ပြည့်စုံခြင်းနှင့် ရင့်ကျက်ခြင်းသို့ ကျွန်တော်တို့သွားရမည်။

ဟေရှာယသည် ဘုရားသခင်ကို မြင်တွေ့ရသောအခါ ကောင်းကင်တမန် သရပ်တို့ ကြွေးကြော်ခဲ့သည်မှာ “မြေကြီးတပြင်လုံးသည် ကိုယ်တော်၏ ဘုန်းအသရေနှင့် ပြည့်စုံသည်” (ဟေရှာယ ၆း၁-၃)။

**ပင်လယ်ရေသည် မိမိနေရာသို့**

**လှိမ်းမိုးသကဲ့သို့ မြေကြီးသည်**

**ထာဝရဘုရားသခင်၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာဖြင့်**

**ပြည့်စုံလိမ့်မည်**

# တမန်တော်နည်းလမ်း

- **လူများ**
- **ပုံသက်သေ**
- **ရည်ရွယ်ချက်**

**ပေါလ်လဂါလီဂန်**

**နိုးကြားသော သာသနာလုပ်ငန်း ဩစတြေးလျ**

**နိုးကြားသော သာသနာလုပ်ငန်း ဩစတြေးလျ**

**တိုင်းနိုင်ငံများအတွက် တမန်တော် သာသနာလုပ်ငန်း**

**ထုတ်ဝေမှု မူဝါဒ**

ကျွန်တော်တို့၏ သင်ကြားရေးနှင့် လေ့လာမှုဆိုင်ရာ စာအုပ်များသည် မူပိုင်ခွင့်ရထားကြောင်း RMA မှ အကြံပြုလိုပါသည်။ သို့သော်လည်း တပည့်တော် ဖြစ်စေဖို့အလို့ငှာ သခင်၏ မိန့်မှာခဲ့သော "ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒ ပေးကြလော့" မဿဲ ၂၈း၂၀ ကို နာခံသောအားဖြင့် ခရစ်တော်၏ ခန္ဓာကိုယ် အတွက် ဆက်သပူဇော်ပါသည်။
ထို့ကြောင့် အကျိုးအမြတ်အတွက် မဟုတ်ဘဲ သင်ကြားခြင်းရည်ရွယ်ချက် အတွက် ကူးယူဖြန့်ဝေနိုင်ပါသည်။

ဝဘ်ဆိုဒ် (www.revivalministries.org.au)
လက်စွဲစာအုပ်များ၊ သင်ကြားရေး သတင်းဆောင်းပါးများနှင့် ဝေစာများသည် ဝဘ်ဆိုဒ်ထဲတွင် ရရှိနိုင်သည်။
မှတ်တမ်းတင်ထားသော သင်ကြားမှုများနှင့် တေးသီချင်း CDများအတွက် Speaker Link (လင့်ခ်)များကို ရှာပါ။
သွန်သင်ချက် DVD Youtube အတွက် ဆိုဒ်နှစ်ခုလုံးရှိပြီး၊ သွန်သင်ချက်အချို့ တို့သည် စပိန်နှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြင့် ရရှိနိုင်သည်။

နိုးကြားသော သာသနာလုပ်ငန်း ဩစတြေးလျ၊ အောက်တိုဘာ၊ ၂၀၁၅

အခန်း(၁)

# တမန်တော်လူ

“သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်း တော်မူသော သူ၏ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။ အထက်က အပေါင်းအသင်း မဟုတ်၊ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်းဖြစ်ကြ၏။ ဂရုဏာကျေးဇူး တော်ကို အထက်က မခံရသော်လည်း ယခုတွင် ခံရကြ၏” ၁ပေ ၂း၉-၁၀။

ကျွန်ုပ်တို့သည် တမန်တော်လူဖြစ်ခြင်းနှင့် ခေါ်တော်မူခြင်း အကြောင်းအရာတို့ သည် မေရှိယတည်းဟူသော သခင်ယေရှု၌ ဘုရားသခင်ပေးထားကြောင်း သမ္မာ ကျမ်းစာ အထောက်အထားများ ဖော်ပြချက်များစွာရှိသည်။

## ရွေးချယ်တော်မူသော အမျိုး

“ရွေးချယ်သည်”ဟူသော စကားလုံးသည် ဂရိဘာသာစကား Eklektos ဖြစ်ပြီး၊ “စုရုံး” သို့မဟုတ် “ရွေးထုတ်ရန်” ဟု အဓိပ္ပာယ်ရသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရွေးချယ်ခဲ့သည်။

- သန့်ရှင်း၍ အပြစ်ကင်းစင်ခြင်းငှာ ဤကမ္ဘာမတည်ရှိမီ ခရစ်တော်၌ ငါတို့ကို ရွေးကောက်တော်မူသည် (ဖေက် ၁း၄)
- ယေရှုခရစ်၏ သားများဖြစ်ရန် ကျွန်ုပ်တို့အား မေတ္တာဖြင့် ရွေးကောက် ခဲ့သည်။ ငါတို့သည် လူ့အသွေးအသား (ဇာတိ)အားဖြင့် ဘုရားသခင်ကို ထင်ရှားစေရမည်။ သူ၏ဘုန်းတော်ကိုလည်း ထင်ရှားစေရမည်။ ကျွန်ုပ် တို့၏ ဘုရားသခင်သည် အဘယ်မျှလောက်ပင် ကြီးမြတ်သနည်း (ဖေက် ၁း၅ ၊ ရောမ ၈း၁၈၊၁၉)။
- ကျွန်တော်တို့သည် သားတော်၏ ပုံသဏ္ဍာန်နှင့်အညီဖြစ်ရန် ခွဲခန့် မှတ်သားခဲ့သည် (ရောမ ၈း၂၉)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သိထားပြီးဖြစ်သည်ဟုဆိုရာတွင် ကမ္ဘာလောက ကို မဖန်ဆင်းခင်ကတည်းက ကြိုတင်သိထားခြင်းကို ဆိုလိုသည်။

## မျိုးဆက်တစ်ခုသည် မည်ကဲ့သို့ ဖြစ်လာသနည်း။

သဘာဝအားဖြင့် အမျိုးသမီးတစ်ဦးသည် မျိုးစေ့မှတဆင့် ကလေးငယ် တစ်ဦးဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရသည်။ ဝိညာဉ်သဘောအားဖြင့်ဆိုလျှင် မပျက်စီးနိုင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်မျိုးစေ့အားဖြင့် ဖြစ်သည်။ (၁ပေ ၁း၁၂)။ ဤမျိုးစေ့သည် မိမိအမျိုးအလိုက် အသီးကို သီးတတ်၏။ နောင်လာလတ္တံ့သော ဤလူမျိုးသည် နှုတ်ကပတ်တော်ဟောပြောခြင်း၏ အသီး ဖြစ်သည်။ ကျွန်တော်တို့သည် နှုတ်ကပတ်တော်အားဖြင့် အသစ်ပြုပြင်ခြင်း ခံရသည်။ (တိတု ၃း၅)

ကျွန်တော်တို့သည် နှုတ်ကပတ်တော်၏ မျိုးဆက်တစ်ခု ပေါ်ထွန်းလာ စေရန် ဘုရားသခင်၏ သန့်ရှင်းသော နှုတ်ကပတ်တော် ဟောပြောသူများ ဖြစ်ရပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ခေါင်းပါးခြင်းရှိသည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြန်လည်ဟောပြောသောအခါ၊ နှုတ်ကပတ် တော်သည် အသီးအနှံဖြစ်လိမ့်မည် (၁ ဓမ္မ ၃း၁-၁၉)။

## ယာကုပ်၏ မျိုးဆက်

"ထိုသူသည် ထာဝရဘုရားကို ရှာသောအမျိုး၊ မျက်နှာတော်ကိုရှာသော ယာကုပ်အမျိုးဖြစ်သတည်း" ဆာလံ ၂၄း၆။ ကျွန်တော်တို့သည် ဤမျိုးဆက် ဖြစ်နိုင်သည်။ ပျောက်ဆုံးနေသော မျိုးဆက်နှင့် ကျိုးပဲ့သောလူမျိုးသည် ဒုတိယ အကြိမ် မွေးဖွားခြင်းခံရပြီး၊ ဘုရားသခင်၏ သားသမီးဖြစ်လာကာ၊ အချိန်နှင့် နေရာအထိ လုံးလုံးလျားလျား ပြောင်းလဲ၍ ကြီးထွားနိုင်သည်။ ယာကုပ်သည် ဇာတိပကတိ၌ ရှိနေသော်လည်း ယာကုတ်သည် ပြောင်းလဲချင်သည်။ ယာကုပ်သည် မပြောင်းလဲမီတိုင်အောင် ကောင်းကင်မှ လူကိုလွှတ်တော်မမူ။ ယာကုပ် ကဲ့သို့ဖြစ်ရန် အချိန်တန်ပြီ။ ဘုရားသခင်ကို အလေးအနက် ရှာဖွေပါ။ သူ၏ မျက်နှာတော်ကို အလေးအနက် ရှာဖွေပါ။

## ထာဝရအသက်ရှိရန် ခန့်ထားသည်

ပေါလုနှင့် ဗာနဗတို့သည် ပိသိဒိပြည်၊ အန္တိအုတ်မြို့၌ နှုတ်ကပတ်တော် ဟောပြောသောအခါ၊ များစွာသော အနှောင့်အယှက်နှင့် ဆန့်ကျင်မှုကြားတွင် သမ္မာကျမ်းစာက "ထိုစကားကို တပါးအမျိုးသားတို့သည် ကြားလျှင်၊ ဝမ်းမြောက်၍ ထာဝရဘုရား၏ နှုတ်ကပတ်တရားတော်ကို ချီးမွမ်းကြ၏။ ထာဝရ အသက်ကို ရစေခြင်းငှာ ခန့်ထားတော်မူသောသူ ရှိသမျှတို့သည် ယုံကြည်ခြင်း သို့ ရောက်ကြသဖြင့်" တမန် ၁၃း၄၈။ ရွေးကောက်တော်မူသော မျိုးဆက်သည် ခန့်ထားတော်မူသော မျိုးဆက်ဖြစ်သည်။ ကျွန်ုပ်တို့ကို ဘုရားသခင်၏ ခန့်အပ် ခြင်းနှင့် ပတ်သတ်၍ အလေးအနက်ထားရန် လိုအပ်သည်။ ဤမျိုးဆက်ကို ဖြည့်ဖို့ရန် နောက်ထပ်ရှာဖွေစရာများ ရှိပါသေးသည်။ တစ်စုံတစ်ယောက်သော သူသည် ဟောပြောဝေငှရန် စေလွှတ်မှသာလျှင် သူတို့သည် ကြားရလိမ့်မည်။ (ရော ၁၀း၁၄-၁၇)။

## တော်ဝင်ယဇ်ပုရောဟိတ်အမျိုး

ကျွန်တော်တို့သည် ဘုရင်များနှင့် ယဇ်ပုရောဟိတ်များကဲ့သို့ မြေကြီးပေါ် မှာ စိုးစံရမည် (ဗျာ ၅း၁၀)။ အချိန်တန်သောအခါ "လောကီနိုင်ငံသည် ငါတို့ အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံ ဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်ဟု ပြောဆိုကြ၏" ဗျာ ၁၁း၁၅။ ကျွန်တော် တို့သည် ကိုယ်တော်နှင့်အတူ စိုးစံရကြမည်။

## ဘုရင်များသည် မည်သည့်အရာ လုပ်ကြသနည်း။

ဘုရင်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အစိုးရအားဖြင့် အုပ်ချုပ်သည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြော၍ ကောင်းကင်နိုင်ငံတော်၏ သော့များကို ကျင့်သုံးနေသည် (မဿဲ ၁၆း၁၉)။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိကြောင်းသေချာစေသည်။ ဘုရင်များသည် စကားပြောသောအခါ သူတို့သည် ကြားရမည်။ အဘယ်ကြောင့် ဆိုသော် သူတို့တွင် ဘုရင်သြဇာအာဏာရှိသည်။

## ကျွန်တော်တို့၏ ဘုရင်ဖြစ်ခြင်းရလဒ်သည် မည်သို့ဖြစ်သနည်း။

အိမ်တိုင်းသည် တပည့်တော်ဖြစ်စေသော အိမ်ဖြစ်ရမည်။ သားသမီး များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသိ၍ တပည့်တော်များကဲ့သို့ ကြီးပြင်းလာရမည်။ ထိုအိမ်တွင် အင်တာနက်လိုင်းကို လွဲမှားစွာ အသုံးပြုခြင်း မရှိ၊ မိုက်မဲသော လောကီအိမ်ကစားခြင်းမရှိပါ။ ခရစ်ယာန်များကဲ့သို့ အသက်ရှင် ကြပါစို့။
"ယေရှုခရစ်တော်အားဖြင့် အသက်ရှင်လျက် သာ၍စိုးစံကြလတ္တံ့"
(ရောမ ၅း၁၇)။

## ယဇ်ပုရောဟိတ်အမှုဆိုသည်မှာ အဘယ်နည်း။

ပုလ္လင်တော်ရှေ့မှာ မွေးရန့်ကဲ့သို့ ဝတ်ပြုဆုတောင်းခြင်းဖြစ်သည်။ သင့်အိမ်၌ ယဇ်ပလ္လင်ရှိပါသလား။ ဘုရားသခင်နှင့် တွေ့ဆုံရန် နေရာနှင့်အချိန် ရှိပါသလား။ ဘုရားသခင်၏ ပွဲတော်မင်္ဂလာသုံးဆောင်ဖို့ရန် အိမ်ထဲ၌ စားပွဲရှိ ပါသလား။

## သန့်ရှင်းသောလူမျိုး

"သင်တို့ကို ခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော" ၁ပေ ၁း၁၅-၁၆။ ကျွန်တော်တို့သည် မည်ကဲ့သို့ သန့်ရှင်းလာမည်နည်း။ ကျွန်တော်တို့သည် သန့်ရှင်းသောလူမျိုး မည်ကဲ့သို့ ဖြစ်လာမည်နည်း။ သမ္မာကျမ်းစာက "သို့ဖြစ်၍ သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော့။ ယေရှုခရစ် ပေါ်ထွန်း တော်မူသောအခါ၊ သင်တို့ဆီသို့ ရောက်လတ္တံ့သော ဆုကျေးဇူးကို အဆုံးတိုင် အောင် မြော်လင့်လော့"(၁ပေ ၁း၁၃)။ ဆိုလိုသည်မှာ သစ္စာတရား၏ ခါးပန်းကို ဝတ်ဆင်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဘုရားသခင် ၏ နှုတ်ကပတ်တော်ဖြင့် ပြည့်စုံစေခြင်းဖြစ်သည်။

ကျွန်တော်တို့သည် "မှောင်မိုက်ထဲ၌ကျင့်သော တပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ" နားထောင်တတ်သော သူငယ်ကဲ့သို့ဖြစ်၍ ဤလောကတွင် ကျွန်ုပ်တို့၏အချိန်များကို ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဖြင့် အသက်ရှင်ရမည် (၁ပေ၁း၁၄၊၁၇)၊ အခြားနေရာများတွင်လည်း ပေါလုက "သင်တို့သည် လောကီ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်း လဲခြင်းသို့ ရောက်ကြလော့" (ရောမ ၁၂း၂)။ သန့်ရှင်းခြင်းသည်  နှုတ်ကပတ်တော် နှင့် ဝိညာဉ်တော်အားဖြင့် ပြောင်းလဲခြင်းဖြစ်ပြီး၊ ဘုရားသခင်နှင့် သာ၍တူညီခြင်း သာမက သူ၏နိုင်ငံတော်၌ နေထိုင်အသက်ရှင်ကာ၊ လောကကိုငင်း လောက၌ ရှိသော အရာကိုငင်း မချစ်ရပါ။  (၁ယော ၂း၁၅)။

## လူမျိုးတစ်မျိုး

ယာကုပ်၏သား ၁၂ဦးအားဖြင့် လူမျိုးတစ်မျိုးဖြစ်လာသည်။ သန့်ရှင်း သောလူမျိုးသည် စစ်မှန်သော တမန်တော်အမှုတော်လုပ်ငန်း၏ ရလဒ်အဖြစ် ပေါ်ထွက်လာသည်။ သိုးသူငယ်၏ မူလတမန်တော်များ၏ အမည်များကို သန့်ရှင်း သောမြို့ရိုး၏ အုတ်မြစ်ဆယ်နှစ်ခုပေါ်တွင် ချထားသည် (ဗျာ ၂၁း၁၄)။ မြို့သည် လူမျိုးတစ်မျိုး၊ သန့်ရှင်းသောလူမျိုးမှ တည်ဆောက်ထားသည်။

## ဣသရေလ၏ ကြွယ်ဝချမ်းသာမှု

ခရစ်တော်ထံသို့ ကျွန်တော်တို့မရောက်လာမီ၊ ကျွန်တော်တို့သည် "ထိုအခါ သင်တို့သည် ခရစ်တော်ကို မသိ၊ ဣသရေလအပေါင်းအသင်း၌ မဝင်၊ ဂတိတော်ပါသော ပဋိညာဉ်တရားတို့နှင့် မဆိုင်၊ မျှော်လင့်ခြင်းမရှိ၊ လောက၌ ဘုရားမဲ့နေကြသည်ကိုငင်း၊ အောက်မေ့ကြလော့။ သင်တို့သည် အထက်က ဝေးလျက် ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ ရောက်ကြပြီ" (ဧဖက် ၂း၁၂-၁၃)။ ယခုတွင် ကျွန်တော်တို့သည် ခရစ် တော်၌ ကတိတော်များ၊ ဘုန်းအသရေနှင့် ဣသရေလလူမျိုးထံသို့ ကတိတော် ပေးထားသည့်အရာများကို  အမွေစားအမွေခံဖြစ်ကြသည်။ ၎င်းတွင် အထက်တန်းစား သို့မဟုတ် ကြွယ်ဝချမ်းသာမှုခွဲခြားခြင်းမရှိ၊ မည်သူမဆို ပါဝင် ပတ်သတ်၍ အားလုံးအကျိုးရှိသည်။

## ဘုရားသခင်ပိုင်သော အထူးလူ

"ကြီးမြတ်သော ဘုရားသခင်တည်းဟူသော၊ ငါတို့ကို ကယ်တင်တော် မူသော အရှင်သခင်ယေရှုခရစ်၏ ဘုန်းအသရေတော် ထင်ရှားပေါ်ထွန်းခြင်းကို ၄င်း၊ ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသော ဒုစရိုက်မှ ငါတို့ကို ရွေးနှုတ်ခြင်းငှာ ၄င်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍၊ ပိုင်ထိုက်တော်မူသော အမျိုး ကို မိမိအဘို့ စင်ကြယ်စေခြင်းငှာ၄င်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ" (တိတု ၂း၁၃-၁၄)။ ရွေးနှုတ်ခြင်းဆိုသည်မှာ ပြန်လည်ဝယ်ယူခြင်းဖြစ်သည်။ ယေရှုသည် ကျွန်တော်တို့ကို ရွေးဝယ်သည်။ သူသည် ကျွန်ုပ်တို့ကို ရရှိပြီးဖြစ်၍ ကျွန်တော်တို့သည် သူရွေးဝယ်ထားသော သူ၏အပိုင်ဖြစ်ကြသည်။

ဤလူတို့သည် မည်သည့်ပုံစံဖြစ်ကြသနည်း။ ဖေက် ၅း၁၈-၂၁တွင် အထူးလူဟူ၍ ဖော်ပြထားသည်။

- သူတို့သည် စပျစ်ရည်သောက်ခြင်း မပြုရ။
- သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝရမည်။
- သူတို့သည် တစ်ဦးနှင့်တစ်ဦး ဆာလံသီချင်း၊ ဓမ္မသီချင်းများနှင့် ပြောဆို ရမည်။
- သူတို့သည် ကျေးဇူးတော်ကြီးလှပါ၏ဟု ဘုရားသခင်ထံ ကာလအစဉ် မပြတ် ဝန်ခံရမည်။
- သူတို့သည် နှိမ့်ချလျှက် နေကြရမည်။

## တမန်တော်လူ

ဘုရားသခင်သည် ကျွန်တော်တို့ကို လူမျိုးတစ်မျိုးဟုခေါ်သည်။ ဘုရား သခင်သည် ကျွန်တော်တို့ကို သူ၏လူဟုခေါ်သည်။ ဘုရားသခင်သည် ကျွန်တော် တို့ကို မျိုးဆက်ဟု ခေါ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ယဇ်ပုရောဟိတ် အမျိုးဟုခေါ်သည်။ ဤအသုံးအနှုန်းများအားလုံးသည် အများအပြားကို ရည်ညွှန်းသည်၊ တစ်ခု သို့မဟုတ် အနည်းငယ်ကို မဆိုလိုပါ။ ဤသည်မှာ ဘုရားသခင်၏ တမန်တော်လူဖြစ်သည်။

ဤလူမျိုးသည် မှောင်မိုက်ထဲမှ ကယ်နှုတ်ပြီး "ချစ်တော်မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏" (ကောလောသဲ ၁း၁၃)။

ဤလူမျိုးသည် "ကရုဏာကျေးဇူးတော်ကို ခံရကြ၏"(၁ပေ၂း၁၀)။ ပေါလုက ငါတို့သည် သူ၏ဂရုဏာကို ပေးအပ်သည်။ အဘယ်ကြောင့်ဆိုသော် "မယုံကြည်ခြင်းကို ဥပကာပြုခဲ့သည်။ (၁တိ ၁း၁၃)။ ပေါလုသည် ပုန်ကန်သော သူတစ်ဦးဖြစ်၍၊ အသင်းတော်ကို ညှင်းဆဲသောသူနှင့် ပုတ်ခတ်ပြောဆိုသူ ဖြစ်သည်။ ကျွန်တော်တို့သည် အားလုံးပြောင်းလဲနိုင်ပြီး၊ ကျွန်တော်တို့သည် ပြောင်းလဲရမည်။ ထို့နောက် ကျွန်တော်တို့သည် ပြောင်းလဲ၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ကျေးဇူးတော်နှင့် သနားခြင်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အပ်နှံရမည်။

## ကျွန်တော်တို့သည် မည်သို့သော ပုဂ္ဂိုလ်များ ဖြစ်သင့်သနည်း။

အခြေခံမှုဖြစ်သည့် ပညတ်အတိုင်း ကျင့်သောသူနှင့် မကောင်းဆိုးဝါး နောက်သို့လိုက်သောသူတို့အတွက် မြေကြီးပေါ်တွင် ကျရောက်မည့် ကြီးစွာသော တရားစီရင်ခြင်းအကြောင်းကို ကျွန်ုပ်တို့အား သတိပေးသည့်ကြားတွင် ပေတရု သည် ကျွန်တော်တို့၏ အကျင့်စရိုက်များအတွက် စိန်ခေါ်ခဲ့သည် (၂ပေ၃း၁၀-၁၁)။ ကျွန်တော်တို့၏ အပြုအမူသည် သန့်ရှင်းသောအပြုအမူနှင့် ဘုရားကို ကြောက်ရွံ့သော သွင်ပြင်လက္ခဏာဖြစ်သင့်သည်။ ကျွန်တော်တို့သည် "ဘုရားသခင်၏ သန့်ရှင်းသော အပြုအမူနှင့် ဘုရားကိုကြောက်ရွံ့သော သွင်ပြင် လက္ခဏာဖြစ်သင့်သည်။ ကျွန်တော်တို့သည် "ဘုရားသခင်၏ နေ့ရောက်လိမ့်မည်ဟု မျှော်လင့်တောင့်တလျက်နေ၏" (ငယ် ၁၂)။

"ယခုရှိသမျှသော အရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရား တည်နေရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ဂတိတော် နှင့်အညီ မျှော်လင့်ကြ၏။ ထိုသို့မျှော်လင့်ခြင်း ရှိသောကြောင့်

ချစ်သူတို့၊ သင်တို့ သည် အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှ မပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ်စွာ ရောက်မည်အကြောင်း ကြိုးစားအားထုတ်ကြလော့" ၂ပေ၃း၁၃-၁၄။

**ဤတမန်တော်လူများသည် မည်သူတို့ ဖြစ်ကြသနည်း။**

၁။ ၎င်းမှာ အသင်းတော်ဖြစ်သည့် ခေါ်ထုတ်ခြင်းခံရသောသူ၊ ရွေးနှုတ်ခံရသော၊ ရွေးချယ်ခြင်းခံရသောသူဖြစ်သည်။ (မသဲ ၁၆း၁၈)။

၂။ ၎င်းသည် အသင်းတော်ဖြစ်သည့် ဘုရားသခင်၏ အိမ်တော်သည် သမ္မာတရား၏ အမှီတကဲဖြစ်၍ သမ္မာတရား၏ တည်ရာလည်း ဖြစ်သည်။

၃။ သူတို့သည် မေရှိယ၏ ခန္ဓာကိုယ်ဖြစ်သည်။ ခရစ်တော်ကို ကိုယ်စားပြုပြီး ထင်ရှားပေါ်လွင်သောအခါ လူတို့သည် မေရှိယကို မြင်ရလိမ့်မည်။ ဖေက်၄း၁၃တွင် ဖော်ပြသော ပြည့်စုံသည့်လူဖြစ် လိမ့်မည်။

**ကျွန်တော်တို့သည် မည်ကဲ့သို့ ဤလူများ ဖြစ်လာနိုင်သနည်း။**

၁။ ဘုရားသခင်၏ ခေါ်သံကို တုံ့ပြန်ပါ - ဤအရာသည် တန်ဖိုး ကြီးသည်။

၂။ သမ္မာတရားတည်းဟူသော နှုတ်ကပတ်တော်၌ သင်ယူခြင်းနှင့် တပည့်တော်ဖြစ်ရန် လိုအပ်သည်။ သမ္မာတရားသည် ဗျာဒိတ်တော် အားဖြင့်သာဖြစ်ပြီး၊ ထို့နောက် နက်နဲသော နားလည်မှုဖြစ်လာ သည်။

၃။ ကျွန်တော်တို့သည် သက်သေခံရန်အတွက် လောကသို့ စေလွှတ် ခြင်းခံရရန် လေ့ကျင့်သင်ကြားခြင်းခံရပြီး၊ တန်ဆာဆင်ပေးရန် လိုအပ်သည်။

၄။ ကျွန်တော်တို့သည် တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိ ဆရာများ၊ သင်းအုပ်ဆရာများနှင့် ဆရာများအောက်တွင် ကြီးပြင်း လာသည်နှင့်အမျှ ကျွန်တော်တို့သည် သူ၏ခန္ဓာကိုယ်၏ လုပ်ငန်း ဆောင်တာ အင်္ဂါတစ်ခု ဖြစ်လာသည် (ဖေက် ၄း၁၁-၁၆)။

**အခန်း(၂)**

# တမန်တော်များ၏ ပုံသက်သေ

ဓမ္မသစ်ကျမ်းများတွင် လိုက်နာသင့်သည့် တမန်တော်၏ပုံသက်သေ တစ်ခု ထင်ရှားစွာရှိပြီး၊ အသင်းတော် ပြန်လည်ထူထောင်ရန်နှင့် မြေကြီးပေါ်တွင် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေရန်အတွက် လိုက်နာရမည်ဖြစ်သည်။ ယနေ့အသင်းတော်တွင် တမန်တော်များရှိရန် လိုအပ်သည်။ ယခုဆယ်စုနှစ် နှစ်ခုတွင် ဘုရားသခင်သည် အသင်းတော်ထဲတွင် တမန်တော်များကို ပြန်လည် ထူထောင်ပေးခဲ့သည်။ သို့သော်လည်း ကျွန်တော်တို့သည် အဘယ်ကြောင့် တမန်တော်များ လိုအပ်ကြောင်းနှင့် လိုက်နာရမည့် တမန်တော်ပုံစံကို နားလည် သဘောပေါက်ရန်လိုအပ်ပြီး၊ ထိုမှသာ အသင်းတော်သည် "ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သော လူ၏အဖြစ်သို့ ရောက်ကြ သည့်တိုင်အောင် ဖြစ်သတည်း" (ဖေက် ၄း၁၃)။

၁။ ခရစ်တော်အား ထင်ရှားစေရန် ကျွန်တော်တို့သည် တမန်တော်လိုအပ် သည်။

မသဲ ၁၀တွင် ယေရှုသည် ပထမတကျိပ်နှစ်ပါးကို တာဝန်ပေး၍ စေလွှတ်ခဲ့သည်။ သူသည် အမျိုးမျိုးသော ညွှန်ကြားချက်များကို ပေးပြီးမှ အပိုဒ် ငယ် ၄၀တွင် သူပြောခဲ့သည်မှာ "သင်တို့ (တမန်တော်များ)ကို လက်ခံသော သူသည်၊ ငါ့ကို လက်ခံသောသူသည် (မေရှိယ)၊ ငါ့ကို စေလွှတ်တော်မူသော (ခမည်းတော်) သူကို

လက်ခံ၏"

## ဘုရားသခင်၏ နက်နဲသောအရာ

ယေရှုစေလွှတ်သော တမန်တော်များကို ကျွန်တော်တို့လက်ခံလျှင် ယေရှုကို ကျွန်တော်တို့ လက်ခံခြင်းဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ယေရှုကို ကျွန်တော်တို့လက်ခံလျှင်၊ ခမည်းတော်ဘုရားကို ကျွန်တော်တို့ လက်ခံခြင်းပင် ဖြစ်သည်။ ထိုသို့ လက်ခံရန် ဘုရားသခင်၏ နက်နဲသော အရာရှိပြီး၊ ယေရှု၏ တမန်တော်များကို လက်ခံခြင်းအားဖြင့် လာသည်။

ကောလောသဲ ၂တွင် ပေါလုပြောခဲ့သည်မှာ "သင်တို့နှင့် လောဒိကိမြို့သူ၊ မြို့သားတို့မှ စ၍၊ ငါ့မျက်နှာကို မမြင်ဘူးသောသူ ရှိသမျှတို့သည် မေတ္တာထုံးဖွဲ့၍ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သော ဉာဏ်၏စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍ စိတ်နှလုံး သက်သာစေမည်အကြောင်း အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှါ ငါအလိုရှိ၏" ငယ် ၁-၂။

## ဘုရားသခင်သည် ခမည်းတော်ဖြစ်၍ ဘုရားသခင်သည် သားတော် ဖြစ်သည်။

ဘုရားသခင်၏ နက်နဲသောအရာသည် သမ္မာကျမ်းစာတစ်ခုလုံးတွင် ဖော်ပြထားပြီး နက်နဲစွာ နားလည်နိုင်သော်လည်း အထူးသဖြင့် ဓမ္မသစ်ကျမ်းထဲတွင် ထင်ရှားဖော်ပြထားသည်။ ဘုရားသခင်သည် သားတစ်ဦး ၏ ဖခင်ဖြစ်ပြီး၊ သားတော်၏ ခမည်းတော့်ဖြစ်သည်။ ဤအရာသည် ဘုရားသခင် ၏ နက်နဲသောအရာဖြစ်သည်။ ခမည်းတော်သည် သားတော်အားဖြင့် ထင်ရှား၍ အခြားသောနည်းလမ်းဖြင့် မသိနိုင်ပါ။ "သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော် ကို မသိဘဲမနေရကြ။ ယခုမှစ၍ ခမည်းတော်ကို သိမြင်ကြ၏ဟု မိန့်တော်မူသည်" ယောဟန် ၁၄း၇။ "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ" ယော ၁၄း၆။ တပည့်တော်တို့သည် ခမည်းတော်ကို မည်သို့ သိရှိနိုင် မည်နည်း။ သေခြင်းမှ ထမြောက်ပြီးနောက် ယေရှုကို သိကျွမ်းခြင်းအားဖြင့်သာ သိနိုင်သည်။

## ခရစ်တော်နှင့်ဆိုင်သော ခံယူချက် (သွန်သင်ချက်)

တမန်တော်ယောဟန်သည် ခရစ်တော်၏ နက်နဲသောအရာကို ကျွန်ုပ်တို့အား သိစေရန်၊ သူ၏စာအရေးအသားကို ရှည်လျားစေခဲ့သည်။ "လူ့ဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ငြင်းပယ်လျှက် လှည့်ဖြား သောသူအများတို့သည် လောကထဲသို့ ဝင်ကြပြီ။ ထိုသို့သောသူသည် လှည့်ဖြား သောသူဖြစ်၏။ အန္တိခရစ်လည်း ဖြစ်၏" ၂ယော၇။ "ခရစ်တော်၏ ဒေသနာ၌ မတည်ဘဲ လွန်ကျူးသောသူမည်သည်ကား၊ ဘုရားသခင်ကိုမသိ၊ ခရစ်တော်၏ ဒေသနာ၌ တည်သောသူသည် ခမည်းတော်နှင့် သားတော်ကိုသိ၏" ၂ယော၉။

ခေတ်သစ်ကမ္ဘာတွင် ယေဟောဝါသက်သေ (Jehovah Witness) ရှိလာ၍၊ ယေရှုခရစ်တော်သည် ဇာတိခံယူသော ဘုရားသခင် (ယေဟောဝါ) မဟုတ်ကြောင်း ကမ္ဘာတစ်ဝှမ်း သက်သေခံကြသည်။ ဤအရာမှာ လှည့်ဖြားသော သူဖြစ်၍ အန္တိခရစ်လည်းဖြစ်သည်။ မွတ်ဆလင်များသည်လည်း ခရစ်တော်၏ အယူဝါဒကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပြီး သတ်ပစ်ရန်ပင် ပြင်ဆင်ကြသည်။ ဤသည်မှာ လှည့်ဖြားသောသူနှင့် အန္တိခရစ်ဖြစ်သည်။

ခရစ်ယာန်အသင်းတော်များတွင်လည်း ခရစ်တော်၏ အယူဝါဒ (ခံယူချက်) မှ ဆုတ်ခွာသွားခဲ့ပြီး၊

သုံးပါးတစ်ဆူ ရှင်းပြရန် လူတို့သွန်သင်ခဲ့သော အခြားအယူဝါဒများနှင့် အစားထိုးခဲ့သည်။ ခရစ်တော်နှင့် စပ်ဆိုင်သော ခံယူချက် ကို ရှင်းရှင်းလင်းလင်း ဟောပြောသွန်သင်ရန် လိုအပ်သည်။ ဤသည်မှာ ခရစ်ယာန် ယုံကြည်ခြင်း၏ တစ်ခုတည်းသော အခြေခံအုတ်မြစ် ဖြစ်သည် (၁ကော ၃း၁၀-၁၁)။

## ၂။ အခြေခံအုတ်မြစ်ချရန် တမန်တော်များ ကျွန်တော်တို့လိုအပ်သည်။ ပုံသက်သေရုပ်ပုံကားချပ်

ဧဖက် ၂း၁၉-၂၂ တွင် အသင်းတော်တည်ဆောက်ခြင်း မပြုမီတွင် ကျွန်တော်တို့တွင် ပုံစံရုပ်ပုံကားချက်ရှိသည်။ ဘုရားသခင်၏ အိမ်တော်တစ်ခုလုံး သည် တမန်တော်များနှင့် ပရောဖက်များ၏ အုတ်မြစ်ပေါ်တွင် တည်ဆောက် ထားသည်။ ဤအရာမှာ မှတ်သားဖွယ်ကောင်းသော ထုတ်ပြန်ချက်ဖြစ်ပြီး၊ အချိန် အတော်အတန် လျစ်လျူရှုခြင်း ခံထားရသောအရာဖြစ်သည်။ အသင်းတော်တိုင်း သည် အချို့သော အခြေခံအယူဝါဒပေါ်တွင် အုတ်မြစ်ချ၍ တည်ဆောက် ထားကြသော်လည်း ၎င်း၏ အယူဝါဒကား အဘယ်သို့နည်း။ ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် သမ္မာကျမ်းစာ အခြေခံအုတ်မြစ် ပေါ်တွင်သာ တည်ဆောက်နိုင်ပြီး၊ ၎င်းတွင် ခရစ်တော်သည် မည်သူဖြစ်သည် ဟူသော နက်နဲသောအရာကို ဟောပြောခြင်းနှင့် သွန်သင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်၍ သန့်ရှင်းသော တမန်တော်များနှင့် ပရောဖက်များသည် ခရစ်တော်၏ နက်နဲသောအရာကို သွန်သင်ခြင်း၊ ဟောပြောခြင်းတို့ကို အခြေခံ၍ အုတ်မြစ်အဖြစ်ထားရှိမှသာ ဘုရားသခင်၏ အိမ်တော်ကို တည်ဆောက်နိုင်သည်။

## ဘုရားသခင် မြင်တွေ့နိုင်ရန်

ရည်ရွယ်ချက်မှာ ဘုရားသခင်သည် သူ၏အသင်းတော်အားဖြင့် မြေကြီး ပေါ်တွင် ထင်ရှားစေရန် ဖြစ်သည်။ ဘုရားသခင်သည် ပုံသဏ္ဍာန်အတိုင်း ပုံဖော် ထားသောလူများကို လိုအပ်သည်။ အသင်းတော်တွင် ယေရှုခရစ်၏ အခြေခံ အသိပညာကို အုတ်မြစ်ချရန်အတွက် ပရောဖက်များနှင့် တမန်တော်များ လိုအပ် သည်။ သမိုင်းဝင် ဂိုဏ်းဂဏအပေါ် အခြေခံအုတ်မြစ်ချ၍ အားကိုးခြင်းသည် အသင်းတော်ကို ရင့်ကျက်ခြင်းသို့ ခေါ်ဆောင်နိုင်မည့်အပြင် ခရစ်တော်သည် မည်သူဖြစ်ကြောင်း အပြည့်အဝ နားလည်းနိုင်မည်မဟုတ်ပါ။

## အသင်းတော်အားဖြင့်

၁တိ ၃း၁၅ တွင် ပေါလုသည် တိမောသေအား သူကိုယ်သူ မည်ကဲ့သို့ အသက်ရှင်နေထိုင်ရမည် ကို ညွှန်ကြားခဲ့သည်။ "ထိုအိမ်တော်ကား အသက်ရှင် တော်မူသော ဘုရားသခင်၏ အသင်းတော်ဖြစ်၏"။ အသင်းတော်၏ အသုံးအနှုန်း တိုင်းတွင် တွေ့ရှိရမည့် အမှန်တရားမှာ "ဘုရားသခင်သည် ကိုယ်ခန္ဓာ (လူ့ဇာတိ) ၌ ပေါ်ထွန်းတော်မူသည်" ငယ် ၁၆၊ ဟူသော နက်နဲသောအရာကို ကြေညာခြင်း ဖြစ်သည်။ ဘုရားသခင်သည် ဇာတိ(အသွေးအသား)အားဖြင့် မြင်နိုင်သည်။ ယနေ့ ဘုရားသခင်သည် အသက်ရှင်သော ဘုရားသခင်၏ အသင်းတော်တွင် သူ၏နှုတ်ကပတ်တော်အားဖြင့် သူ့ကိုယ်သူ ထုတ်ဖော်ပြသသည်။ နှုတ်ကပတ်တော်ကို ဟောပြောခြင်းနှင့် သွန်သင်ပေးခြင်းအားဖြင့် အသက်ရှင် သော ဘုရားသခင်ကို အသင်းတော်တွင် တွေ့ရှိနိုင်သည်။

## ပထမတမန်တော်များသည် မည်သည့်အရာကို ဟောပြောခဲ့ကြသနည်း။ တမန် ၅း၄၂

တမန်တော်များသည် ခရစ်တော်အကြောင်းကို ဟောပြောရာတွင် ဒုက္ခ ရောက်ကြပြန်သည်။ ယဇ်ပုရောဟိတ်မင်းနှင့် သူ၏အပေါင်းအဖော်တို့သည် အလွန်စိတ်ပူပန်ကြသည်။ သူတို့က "ထိုနာမကို အမှီပြု၍ မဆုံးမ မသွန်သင်မည် အကြောင်း ငါတို့သည် သင်တို့အား ကျပ်တည်းစွာ စီရင်ထားသည် မဟုတ်လော။ ယခုကြည့်ကြ။ ယေရုရှလင်မြို့ကို သင်တို့ အယူဝါဒနှင့် ပြည့်စေသည်ဖြစ်၍ ငါတို့အပေါ်သို့ ထိုသူ၏အသွေးကို

ရောက်စေခြင်းငှါ သင်တို့ ကြံစည်ပါသည် တကားဟု မေးမြန်းပြောဆိုကြ၏" တမန် ၅း၂၈။ ငါတို့ကို ပုန်ကန်၍ ငါတို့မြို့နှင့် တိုင်းပြည်တွင် ယေရှုခရစ်တော်၏ အယူဝါဒကို ပြည့်စေသည်။

ဤတမန်တော်တို့သည် အရိုက်ခံရပြီးနောက် လွတ်လာသောအခါ သူတို့သည် "သခင်ယေရှု၏ နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်း" (ငယ်၄၁) ခံရသောကြောင့် ဝမ်းမြောက်ကြ၏။ ထို့နောက် သူတို့သည် မည်သို့ ဆက်လုပ်ကြသနည်း။ "ဗိမာန်တော်၌၎င်း၊ အိမ်၌၎င်း နေ့တိုင်းအစဉ် ဆုံးမသွန်သင်လျက်၊ ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျက် နေကြ၏" ငယ် ၄၂။ ဤသည်မှာ ဘုရားသခင်ကို အခြေခံ သိခြင်း၊ မေရှိယယေရှုကို သိရှိခြင်းဖြစ်၍ ယေရှုသည် ဇာတိပကတိ၌ ဘုရားသခင် ၏ ထင်ရှားခြင်းဖြစ်သည်။

## ၃။ တမန်တော်များသည် ပညာရှိ၍ လိမ္မာသော ဗိသုကာဖြစ်ရန် လိုအပ်သည်။ (၁ကော ၃း၁၀-၁၁)

တမန်တော်ပေါလုသည် "လိမ္မာသော ဗိသုကာ" (ငယ် ၃း၁၀) ဖြစ်ရန် ဘုရားသခင်ထံမှ ကျေးဇူးတော် ရရှိခံစားခဲ့သည်။ လိမ္မာသော ဗိသုကာဆရာကြီး တစ်ဦးသည် ရည်ရွယ်ချက်ပန်းတိုင်ကို သိရှိရန် လိုအပ်သည်။ သို့မှသာ ပုံစံအတိုင်း ကျွန်တော်တို့ တည်ဆောက်နိုင်မည်။ တမန်တော်များသည် ကြီးမား သော အစီအစဉ်ရှိသည့် အကြောင်းကို သိရှိစေရန်လိုအပ်သည်။ အဆောက်အဦး တစ်ခုတွင် သေချာသောအုတ်မြစ်ရှိရန် လိုအပ်သည်။ တစ်ခုတည်းသော အုတ်မြစ်ချနိုင်သော အရာမှာ "မေရှိယ ယေရှု"ဖြစ်သည် (ငယ် ၁၁)။ ဤယေရှုသည် ယေဟောဝါ (ယာဝိတ်) လူ့ဇာတိကို ခံယူ၍ ကယ်တင်ခြင်းကို ယူဆောင်လာသူဖြစ်သည်။ သူသည် ကတိတော်နှင့်ဆိုင်သော မေရှိယဖြစ်၍ ဘုရင်တကာတို့၏ ဘုရင်ဖြစ်သည်သာမက၊ ထိုသူတွင်အကြံအစည် (အစီအစဉ်) ရှိသည်။

အုတ်မြစ်မှာ ယေရှုကို သိကျွမ်းခြင်းဖြစ်သည်။ ဘုရားသခင်သည် အယူအဆ သက်သက်မဟုတ်ပါ။ သူသည် ယေရှုအမည်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။

အသင်းတော်သည် ရင့်ကျက်ခြင်းရှိရန် တည်ဆောက်ရမည်ဖြစ်ပြီး၊ သန့်ရှင်းသူအားလုံးကို စနစ်တကျ တန်ဆာဆင်ပေးရမည်ဖြစ်သည်။ ထိုမှသာ အသင်းတော်သည် ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏအရပ်ကို စတင်တိုင်းတာ နိုင်မည်ဖြစ်သည် (ဧဖက် ၄း၁၃)။ အသင်းတော်သည် ခရစ်တော်ကို ရောင်ပြန်ဟပ် သော လောကကမ္ဘာတွင် ပြီးပြည့်စုံသော လူတစ်ဦးဖြစ်လာရန် ခရစ်တော်ပေးအပ် ခဲ့သော ဓမ္မအမှုများအားလုံး ဆောင်ရွက်နိုင်ရန် တမန်တော်များလိုအပ်သည်။

## ၄။ နက်နဲသော ဗျာဒိတ်တော်ကို သိရှိစေရန် တမန်တော်များကို ကျွန်တော် တို့လိုအပ်သည်။

တမန်တော်များသည် ဗျာဒိတ်တော်နယ်ပယ်ထဲတွင် လုပ်ဆောင်ကြ သည်။ ပေါလုသည် သူ၏အရေးအသားအားဖြင့် သိရှိစေရန်ဖြစ်သည်။ (ဧဖက် ၃း၂-၄၊၈)။ ဤဉာဏ်ပညာကို သန့်ရှင်းသောတမန်တော်များနှင့် ပရောဖက်များ ထံသို့ ဝိညာဉ်တော်အားဖြင့် ပေးအပ်ခဲ့သည်။ တမန်တော်များနှင့် ပရောဖက်များ ကို လက်ခံမှသာလျှင် ဝိညာဉ်တော်ဖော်ပြသော နက်နဲသည့်အရာကို တွေ့မြင်နိုင် မည်ဖြစ်သည်။ ယနေ့တွင် တမန်တော်များနှင့် ပရောဖက်များဖြစ်ကြသည်ဟု ကိုယ့်ကိုကိုယ်ခေါ်သောသူ အမြောက်အများရှိသည်။ သို့သော်လည်း ခရစ်တော်၏ နက်နဲသောအရာတို့ကို မဟောမပြောကြချေ။ ဧဖက် ၃း၅တွင် ရှင်းလင်းစွာ ပြောခဲ့သည်မှာ နက်နဲသောအရာသည် "သန့်ရှင်းသော တမန်တော်တို့နှင့် ပရောဖက်တို့အား ဝိညာဉ်တော်အားဖြင့်" ထင်ရှားစေခဲ့သည်။ ဝိညာဉ်တော်ထံမှ ရရှိခံစားနိုင်ရန် ထိုသူတို့သည် ကိုယ်ကိုတိုင် ဆုတောင်းခြင်း ပဌာနာပြုခြင်း ပြုခဲ့ ကြသည် (တမန် ၆း၄)။

## ခန္ဓာကိုယ်တစ်ခုရှိသည်

ဖေက်သြဝါဒစာစောင်တွင် ပေါလုသည် ခန္ဓာကိုယ်တစ်ခု (ဖေက်၄း၄) နှင့် လူသစ်တစ်ဦး (ဖေက် ၂း၁၅)၊ အကြောင်းဖော်ပြထားသည်။ နက်နဲသောအရာ ၏ အဓိကရှုထောင့်များထဲမှ တစ်ခုမှာ "တပါးအမျိုးသားတို့သည် ဧဝံဂေလိတရား အားဖြင့် ယုဒအမျိုးသားတို့နှင့် အမွေခံ၍ တစ်လုံးတဝတစ်ကိုယ်တည်းဖြစ်လျှင် ခရစ်တော်နှင့်ဆိုင်သော ကတိတော်ကို ဆက်ဆံရကြသတည်း" ဖေက် ၃း၆။ ယုဒအမျိုးနှင့် တပါးအမျိုးသားများဖြင့် ဖွဲ့စည်းထားသော ကိုယ်တစ်ခုရှိသည်။ မြေကြီးပေါ်တွင် ယေရှုဖွဲ့စည်း ထားသော ကိုယ်ခန္ဓာကို ဂျူးလူမျိုးနှင့် တပါးအမျိုးသားများဖြင့် ဖွဲ့စည်းထားသည်။ သမ္မာကျမ်းစာထဲတွင် "တပါးအမျိုးသား အသင်းတော်"ဟူ၍ မရှိ။ ခရစ်တော်၏ ခန္ဓာကိုယ်တစ်ခုတည်း သာရှိသည်။

တိုင်းတပါးသား(တပါးအမျိုးသား)အတွက် နှင့် ဣသရေလအမျိုးသား အတွက်ဟူ၍ သီးခြား ကံကြမ္မာမရှိပါ။ ခရစ်တော်သည် "အဘယ်သို့နည်းဟူမူကား ထိုသခင်သည် ငါတို့၏ ရန်ငြိမ်းခြင်းအကြောင်း ဖြစ်တော်မူ၏။ ဝိနည်းအထုံးအဖွဲ့ နှင့် စပ်ဆိုင်သော ပညတ်တရားတည်းဟူသော ရန်ငြိုးဖွဲ့ ခြင်းအကြောင်းကို ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်းတော်မူသဖြင့်၊ ပိုင်ခြားလျှက်ရှိသော စပ်ကြားအုတ် တံတိုင်းနံရံကို ဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကို တစ်စုတည်းဖြစ်စေတော်မူ၏။ အကြောင်းမူကား ရန်ကို ငြိမ်းစေပြီးလျှင် ကိုယ်တော်၌ ထိုလူစုနှစ်စုတို့ကို လူသစ်တဦးတကိုယ်တည်း ဖြစ်စေခြင်းငှါ ပြင်ဆင်၍ တလုံးတဝတည်းဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို လက်ဝါးကပ်တိုင်တော်အားဖြင့် ရန်ကိုသတ်ဖြတ်လျက်၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေမည် အကြောင်းတည်း" ဖေက် ၂း၁၄-၁၆၊

ဤသည်မှာ ယနေ့လူအနည်းစု ဟောပြောနေသည့် နက်နဲသောအရာ၏ အရေးကြီးဆုံး ကဏ္ဍတစ်ခုဖြစ်သည်။ များစွာသော လူတို့သည် ဣသရေလလူမျိုး ၏ အနာဂတ်အကြောင်းနှင့် အသင်းတော်၏ အနာဂတ်အကြောင်းနှင့်ပတ်သက်၍ ဆန်းပြားသောအယူဝါဒနှင့် သိပ္ပံပညာများ ပေါ်ပေါက်လာသည်။ ဖေက်သြဝါဒ စာနှင့် အခြားသော သြဝါဒစာစောင်များတွင် ပေါလု၏ ရှင်းလင်းပြတ်သားသော သွန်သင်ချက်နှင့် ယောဟန် ၁၀း၁၆တွင်ရှိသော ယေရှု၏စကားကို ငြင်းဆိုကြ သည်။ "ဤသိုးခြံထဲသို့ မဝင်သော အခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုး တို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကို နားထောင်သဖြင့်၊ သိုးခြံ တစ်ခု သိုးထိန်းတပါးတည်း ရှိရလိမ့်မည်"။

"မကုန်နိုင်သော ခရစ်တော် (မေရှိယ)၏ ကြွယ်ဝပြည့်စုံခြင်း၏ ဧဝံဂေလိ တရားကို တပါးအမျိုးသားတို့အား ဟောပြောခြင်းဟု" ပေါလုအား ကျေးဇူးတော် ခံစားရသည် (ဖေက် ၃း၈)။ ထိုမှသာ ကျွန်တော်တို့သည် နက်နဲသောအရာ၏ မိတ်သဟာယကို တွေ့ မြင်နိုင်မည်ဖြစ်သည် (ငယ် ၉)။ ဤသည်မှာ ဘိသိက်ခံ မေရှိယ၏ နက်နဲသောအရာဖြစ်သည်။ ဤအရာသည် မိတ်သဟာယဖွဲ့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်တော်တို့အားလုံးသည် ဤနက်နဲသော အရာထဲတွင် ပါဝင်သူများ ဖြစ်လာရန်ဖြစ်သည်။ ဤနက်နဲသောအရာသည် ဖန်ဆင်းခြင်းကတည်းက ဝှက်ထားခဲ့သည်။ ဤအရာသည် ဘုရားသခင် ဝှက်ထားခဲ့သော်လည်း ယေရှုခရစ်အားဖြင့် ထင်ရှားခဲ့ပြီ။ ဤအရာအားလုံးသည် အပိုဒ်ငယ်၉ကို ရည်ညွှန်းထားသည်။

နက်နဲသောအရာ၏ မိတ်သဟာယကို မြင်ရခြင်း၏ရလဒ်မှာ အာဏာစက်များနှင့် အထွဋ်အမြတ်တို့သည် ယေရှုရှေ့မှောက်တွင် ဒူးထောက် ကြလိမ့်မည်။ နက်နဲသောအရာသည် အသင်းတော်မှ သိလာစေသောအခါ အထွဋ်အမြတ်နှင့် အာဏာစက်တို့သည် ယေရှုရှေ့တော်၌ ဒူးထောက်ရလိမ့်မည်။ (ဖေက် ၃း၁၀)။

**ပုံသက်သေဆိုသည်မှာ အဘယ်နည်း။**

ကနဦးအသင်းတော်ကို တမန်တော်များက ငြင်းပွားဖွယ်မရှိအောင် ဦးဆောင်ခဲ့ကြသည်။ ပေါလုပြောင်းလဲလာသောအခါ တမန်တော်များနှင့် တွေ့ဆုံရန် ခေါ်ဆောင်ခြင်းခံရသည်။

အသင်းတော်ကို မည်သူက ဦးဆောင်ခဲ့သနည်း။ တမန်တော်များဖြစ် သည်။ ပထမအသင်းတော်မှာ တမန်တော်အသင်းတော်ဖြစ်သည်။

ပုံသက်သေမှာ ငါသည် ခရစ်တော်နောက်လိုက်သကဲ့သို့ ငါ့နောက်ကို လိုက်ပါဟူ၍ ဖြစ်သည့် ဤသည်မှာ ခေါင်းဆောင်မှု၏ ပုံသက်သေဖြစ်သည်။ ဤသည်မှာ တမန်တော်များ၏ ပုံသက်သေဖြစ်သည်။

- တမန်တော်များသည် ညီအစ်ကိုတို့အတွက် အသက်စတေးကြသည်။
- တမန်တော်များ၏ စိတ်နှလုံးသည် ညီအစ်ကိုတို့၌ရှိသော ခေါ်ဖိတ်ခြင်း ကိုပြုစုပျိုးထောင်ပေးရန်ဖြစ်သည်။
- တမန်တော်များအားလုံး ပေးဆပ်သမျှသော အရာသည် ယေရှုနှင့် မိတ်သဟာယဖွဲ့ ခြင်း အသက်တာရှိရန်ဖြစ်သည်။

**ပေါလု၏ ပုံဥပမာ - ဖိလိပ္ပိ ၃း၇-၁၄**

အကယ်၍ သင်သည် ပေါလုပြုသည့်အတိုင်း လုပ်ဆောင်ပါက သင်သည် တမန်တော်တစ်ဦး ဖြစ်လာမည်ဖြစ်သည်။ ထို့နောက် သင်သည် ပုံစံတူလူများ ဖြစ်သည့် တမန်တော်အဖွဲ့တစ်ခု၏ အဖွဲ့ဝင်တစ်ဦး အနေဖြင့် တမန်တော်ပုံစံ အတိုင်း လုပ်ဆောင်ရမည်။

ငယ် ၇ "သို့သော်လည်း ငါ၏အကျိုးစီးပွားကို ပြုစုသောအရာရှိသမျှတို့ကို ရှုံးစေ သောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏" ဤသည်မှာ ရင့်ကျက်ခြင်း ဆီသို့ ကျွန်ုပ်တို့ လျှောက်လှမ်းခြင်း၏ အစဖြစ်သည်။ -ခရစ်တော်အတွက် အရာခပ်သိမ်းကို ဆုံးရှုံးခြင်း။

ငယ်၈ "ထိုမျှမက ငါ၏ သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှ လောက် မြတ်သည်ကို ထောက်၍ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာ ကဲ့သို့ ငါထင်မှတ်၏" ကျွန်တော်တို့သည် ပေါလုကဲ့သို့ တူညီသောသဘောထား ရှိရန် လိုအပ်သည် - လုံးလုံးလျားလျား ဆက်ကပ်အပ်နှံခြင်း။ ခရစ်တော်ကို ရရှိရန် အရာအားလုံးကို စွန့်လွှတ်ခြင်း။ ဆုံးရှုံးခဲ့သောအရာအတွက် ဝမ်းနည်း ပူဆွေးခြင်းမပြုဘဲ၊ ၎င်းတို့ကို ဆုံးရှုံးမှုအဖြစ် သတ်မှတ်ရန် တမင်တကာ ဆုံးဖြတ် ခြင်းဖြစ်သည်။ ဆုလက်ဆောင်မှာ ခရစ်တော်ကို ရရှိခြင်းဖြစ်သည်။

ငယ် ၉ "ကျွန်တော်တို့၏ လိုအပ်သမျှမှာ "ငါ၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်း မဟုတ်ဘဲ . . . သို့သော် . . . ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံတော်မှ လာသော ဖြောင့်မတ်ခြင်း"ကို ရရှိရန်ဖြစ်သည်။ သင်၏ ခံစားမှုမဟုတ်ဘဲ ယုံကြည်ခြင်းသည် သော့ချက်ဖြစ်သည်။

ငယ် ၁၀ "ဤသည်မှာ ပေါလု၏ နှလုံးသားထဲမှ ထင်ရှားသော ဆုတောင်းချက် ဖြစ်သည်။ သူ၏ကြီးမားသောဆန္ဒမှာ "ကိုယ်တော်ကိုသိခြင်းနှင့်သူ၏ ရှင်ပြန်ထ မြောက်ခြင်းတန်ခိုးကို သိရှိခြင်း"ဖြစ်သည်။ ကျွန်တော်တို့အများစုသည် ထိုဆုတောင်းချက်ကို နှစ်သက်ကြသည်။ သို့သော် ပေါလုသည် ထိုနေရာတွင် မရပ်တန့်ပါ။ သူသည် ပို၍သိရှိနားလည်ရန် ရှေ့ဆက်သည်။ "ငါသည်လည်း အသေခံ၍ ထိုသခင်ကိုင်း၊ ထမြောက်တော်မူခြင်း၏ တန်ခိုးကိုင်း၊ ဆင်းရဲခံ တော်မူခြင်းကို ဆက်ဆံ၍ ခံခြင်းကိုင်း၊ သိကျွမ်းခြင်း"။

ငယ် ၁၁ " သေခြင်းမှ ထမြောက်သောအခွင့်ကို ငါရနိုင်ကောင်းလျှင် "ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်း၏ အသက်တာနေထိုင်မှု အတွေ့အကြုံတစ်ခုအကြောင်း ပြောနေခြင်း ဖြစ်သည်။ ဤသည်မှာ ဤနေရာနှင့် ယခုထမြောက်ခြင်း၏ တန်ခိုးဖြင့် လျှောက်လှမ်းခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ပန်းတိုင်မှာ ယေရှုအတွက်၊ ယေရှု၌၊ ယေရှုအားဖြင့် လျှောက်လှမ်းခြင်းဖြစ်သည်။

"သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ခန္ဓာကိုယ်၌ ထင်ရှားစေခြင်းငှါ၊ ယေရှု၏ သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ခန္ဓာ၌ ဆောင်ရကြ၏" ၂ကော ၄း၁၀။ ပေါလုက ဘဝပုံစံကို ပြောခဲ့သည်မှာ

"သေခြင်း တရားသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းတရားသည် ပြုပြင်တတ်၏" (ငယ် ၁၂)။

ငယ် ၁၂ ဤနေရာသည် ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။ ဆန္ဒကို စွဲမြဲစွာ ဆုပ်ကိုင် ခြင်း။ ကျွန်တော်တို့၏ ဆန္ဒကို "အကြင်အကျိုးကို ပေးခြင်းငှာ ခရစ်တော်သည် ငါ့ကို ကိုင်ဖမ်းတော်မူ၏"။ သင်ရှိနေသည့် နေရာ၌ဖြစ်စေ၊ ယခုသင်ခံစားနေသော အရာက သင့်ကို မပိတ်မိပါစေနှင့်။ ဆုံးဖြတ်ချက်ချ၍ ဆက်သွားပါ။ အစအဦး၌ ဘုရားသခင်သည် သင့်ကို အဘယ်ကြောင့် ခေါ်သနည်း။ သင်သိပါသလား။

ငယ် ၁၃ ဤသည်မှာ သဘောထားတစ်ခုဖြစ်သည်။ "ညီအစ်ကိုတို့၊ ငါကိုင်မိပြီ ဟု ကိုယ်ကိုကိုယ် မထင်သော်လည်း၊ ငါပြုသောအမှုတစ်ခု ဟူမူကား၊ နောက်ကျ သောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသော အရာတို့ကို လှမ်းကမ်း၍"။ အတိတ် အရာတို့ကို မေ့ပစ်ပါ။ ဆုံးဖြတ်ချက်ချပါ။ ထို့နောက် အနာဂတ်အတွက် ရှေ့ဆက်ပါ။ သင်သည် အောင်မြင်သည်ဖြစ်စေ သို့မဟုတ် ကျရှုံးသည်ဖြစ်စေ အရေးမကြီးပါ။ လူသစ်ကဲ့သို့ လျှောက်လှမ်းပါ။ လူတွေက သင်၏ အတိတ်တွင် ဆုပ်ကိုင်မထားစေနှင့်။ ကိုယ့်ကိုကိုယ် အတိတ်မှာ မကျန်ရစ်စေနှင့်။

ငယ် ၁၄ "ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်း နှင့်ဆိုင်သော ဆုကိုရခြင်းငှါ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏"

အငယ်၁၂ မှ ၁၄တွင် ပေါလုသည် ပြင်းထန်သော စကားလုံး၏ လုပ်ဆောင်မှုကို အသုံးပြုခဲ့သည်။ ဆုတ်ကိုင်ထားဖို့ရန်၊ ဖမ်းဆုပ်ဖို့၊ အတိတ်ကို မေ့ပစ်ရန် ၊ အနာဂတ်ကို ရောက်ရန် ဆုံးဖြတ်ချက်ချရမည်။ ညီအစ်ကိုတို့ သင်တို့

လုပ်နိုင်သည်။ သင်ပြေးနိုင်သည်။ သင့်အတွက် ဘုရားသခင် သိမ်းဆည်းထား သမျှကို သင်ဆုပ်ကိုင်ထားနိုင်သည်။ သူသည် ကျွန်တော်တို့ကို အောင်မြင်သော သူ ဖြစ်စေချင်သည်။ သူသည် စံနမူနာရှိသော လူတွေ၏ အစိတ်အပိုင်းဖြစ်စေ ချင်၍ ရင့်ကျက်မှု၌ လျှောက်လှမ်းစေချင်သည်။

## စံနမူနာယူစရာ လူဖြစ်ခြင်း

## ဖိလိပ္ပိ ၃း၁၅-၁၇

ငယ် ၁၅ "ထို့ကြောင့် ငါတို့သည်" ပေါလုသည် ကိုယ်ရေးကိုယ်တာ သက်သေခံချက်မှ ပြောင်းလိုက်သည်။ ပန်းတုံးတိုင်သို့ ငါလိုက်ပေး၏ ဟူသော စာသားမှ အများကိန်းဖြစ်သည် ငါတို့ဟု အသုံးပြုလာသည်။ "စုံလင်သောသူ ရှိသမျှ တို့သည်" ပေါလုသည် အခန်းငယ် ၇-၁၄တွင် သူကိုယ်တိုင် ဖော်ပြထားသည့် အတိုင်း တူညီသော ဆက်ကပ်မှု၊ သဘောထားတူညီမှုနှင့် တူညီသော ဖွဲ့လုံ့လ ရှိသည့်အဖွဲ့အကြောင်းကို ပြောနေခြင်းဖြစ်သည်။ အကယ်၍ သင်နှင့်ကျွန်ုပ်တွင် တူညီသော ဆက်ကပ်အပ်နှံခြင်းလျှင် ဆက်လက်လျှောက်လှမ်းရန် (သွားရန်) ရွေးချယ်ပါက အဖိုးအခကို ရေတွက်ပါက ထို့နောက် အရာခပ်သိမ်းကို စွန့်လွှတ် ရန် ရွေးချယ်ပါက ကျွန်တော်သည် ရင့်ကျက်မှုရှိသည်။ ဤသည်မှာ တမန်တော် အဖွဲ့၏ အဖွဲ့ဝင်ဖြစ်ရန်၊ စံနမူနာပြုသူများ၏ အစိတ်အပိုင်းဖြစ်ရမည်။

"ငါတို့သည် . . . ဤသို့သော သဘောကို စွဲလမ်းကြရမည်" ကျွန်တော် တို့သည် ထူးခြားစွာ တွေးခေါ်ရမည်။ ကျွန်တော်တို့သည် ယေရှုနောက်သို့ လိုက်ရန် တစ်ဦးချင်းဦးတည်ခြင်းမဟုတ်တော့ဘဲ၊ ကျွန်တော်တို့သည် ကိုယ်ခန္ဓာ ၏ အခန်းကဏ္ဍတွင် ပါဝင်လာကြသည်။

ထို့နောက် ပေါလုပြောခဲ့သည်မှာ "သင်တို့သည် တစ်စုံတစ်ခုသောအရာ၌ သဘောထားခြားနားလျှင်၊ ထိုအရာကိုပင် ဘုရားသခင် ဖော်ပြတော်မူလိမ့်မည်"။ သခင်ယေရှုနောက်သို့လိုက်ရန် ရင့်ကျက်သော ဆုံးဖြတ်ချက်ချပါက၊ ဘုရားသခင် သည် တွေးခေါ်ပုံဆိုင်ရာ ကွဲပြားမှုများကို ဖော်ပြလိမ့်မည်။ ဘုရားသခင်၏ နှစ်သက်ဖွယ်ကောင်းပြီး ပြီးပြည့်စုံသည့် အလိုတော် (ရောမ ၁၂း၂)ကို ပိုင်းခြား သိမြင်ဖို့ ယခုအချိန်တွင်

ပိုမိုလွယ်ကူလာပြီး ၊ နောင်တရရန် လွယ်ကူလာသည် သာမက ကျွန်တော်တို့၏ အတွေးများ ပြောင်းလဲလာရန် လွယ်ကူလာသည်။

ငယ် ၁၆ "သို့မဟုတ်သော်လည်း ယခုမှီသမျှအတိုင်း တနည်းတည်းကျင့်၍ တသဘောတည်းရှိရကြမည်။" ဤအရာမှာ ကျွန်ုပ်တို့တွင်ရှိသော ရင့်ကျက်မှု အဆင့်ဖြစ်၍ ကျွန်တော်တို့သည် ခရစ်တော်၏ ခန္ဓာကိုယ် အဖွဲ့အစည်းတွင် လျှောက်လှမ်းရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် ဆက်ကပ် အပ်နှံ၍ တစ်ဦးနှင့်တစ်ဦး ဆက်ကပ်အပ်နှံရမည်။

"တနည်းတည်းကျင့်၍ တသဘောတည်း ရှိရကြမည်။" ကျွန်တော်တို့၏ ကိုယ်ပိုင်အတွေးအမြင်များ ငြင်းခုံခြင်းများကြောင့် ကွဲပြားစေနိုင်သော အရာကို ရပ်တန့်ကြပါစို့၊ ကျွန်တော်တို့၏ အစိတ်အပိုင်းဖြစ်သည်။ ကိုယ်ခန္ဓာကို တည်ဆောက်ပြီး၊ ကိုယ်ခန္ဓာတစ်ခုလုံး တည်ဆောက်ရာတွင် အထောက်အကူ တစ်ခုဖြစ်ရန် ကြိုးပမ်းကြပါစို့။

ကျွန်တော်တို့သည် တူညီသော အကျင့်တစ်ခုဖြင့် လျှောက်လှမ်းရန် ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် စည်းမျဉ်းစည်းကမ်းအတိုင်း အသက်ရှင်ရမည်ဖြစ်ပြီး၊ အတိုင်းအတာမှာ "ပြည့်စုံစေတော်မူသော ခရစ်တော် အားဖြင့်" (ဖိလိပ္ပိ ၄း၁၃)။ ဤလျှောက်လှမ်းခြင်းသည် ဆန္ဒအလျောက်ဖြစ်သည်။ အဖွဲ့ထဲတွင် ရက်ရောသော သဘောတားရှိရန် လိုအပ်ပြီး စံနမူနာပြလူများဖြစ်ရန် အဓိဋ္ဌာန်ချထားရန် လိုအပ်ပါသည်။

ငယ် ၁၇ "ညီအစ်ကိုတို့ ငါကျင့်သည့်နည်းတူ သင်တို့သည် တညီတညွတ်တည်း ကျင့်ကြလော့"။ တမန်တော်နှင့်အတူ လျှောက်လှမ်းကြပါစို့။ တမန်တော်အဖြစ် လက်ခံနိုင်မှသာလျှင် တမန်တော် တပါးဖြစ်နိုင်သည်။

"ငါတို့ပေးသော ပုံသက်သေနှင့်အညီ ကျင့်သောသူတို့လည်း ရှုမှတ်ကြ လော့"။ တမန်တော်နှင့်အတူ လျှောက်လှမ်းကြပါစို့။ တမန်တော်အဖြစ် လက်ခံ နိုင်မှသာလျှင် တမန်တော်တပါးဖြစ်နိုင်သည်။

## မည်သည့် ပုံသက်သေမျိုးကို ကျွန်တော်တို့ ထားသင့်သနည်း။

သက်သာလောနိတ်လူတို့သည် ပုံသက်သေများ ဖြစ်ကြသည်။ ၁သက် ၁း၆-၈

- သူတို့သည် "ငါတို့(တမန်တော်များ)ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့ သောသူ ဖြစ်ကြ၏"
- သူတို့သည် "ဝမ်းမြောက်ခြင်းနှင့်တကွ၊ နှုတ်ကပတ်တရားတော်ကို ခံယူ၍"
- သူတို့သည် "မာကေဒေါနိပြည်၊ အာခါယပြည်၌ ယုံကြည်သောသူ အပေါင်းတို့အား သင်တို့သည် ပုံသက်သေပေးသောသူ ဖြစ်ကြ၏"
- "သခင်ဘုရား၏ နှုတ်ကပတ်တော်အသံသည် . . . အရပ်ရပ်တို့၌ "နှံ့ပြား လေ၏"
- သူတို့သည် "ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ သိတင်းသည် အရပ်ရပ်တို့၌ နှံ့ပြားလေ၏။ သို့ဖြစ်၍ ငါတို့သည် တစ်စုံတစ်ခုကိုမျှ ပြောစရာ အကြောင်းမရှိ"

စိတ်ရှည်ခြင်းသည် ပုံသက်သေတစ်ဦး၏ လိုအပ်သော အစိတ်အပိုင်း တစ်ခုဖြစ်သည်။ တမန်တော်သည် "ခပ်သိမ်းသော စိတ်ရှည်ခြင်းကို ပုံသက်သေ" အဖြစ် ပြသရမည် (၁တိ ၁း၁၆)။

တမန်တော်တစ်ဦးဖြစ်သည့် တိတုသည် "အရာရာ၌ ကောင်းသောအကျင့် တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့။ ဆုံးမဩဝါဒ ပေးသောအခါ မိစ္ဆာဒိဋ္ဌိနှင့်ကင်းခြင်း၊ တည်ကြည်ခြင်း၊ အပြစ်တင်ဖွယ် မရှိ စင်ကြယ်သော တရားစကားကို ဟောပြောခြင်းတို့ကိုပြုလော့" (တိတု ၂း၇)။ ညီအစ်ကိုတို့သည် ဤဥပမာကို လိုက်နာကြရမည်။

ညီအစ်ကိုများသည် တမန်တော်များ၏ စံနမူနာကို လိုက်နာနိုင်စေရန် ရည်ရွယ်၍ နည်းစနစ်မကျဘဲ မလုပ်ဆောင်ရန်၊ အလုပ်မလုပ်ဘဲ မစားရ။ အခြား ညီအစ်ကိုများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ဘဲ

“သင်တို့လိုက်စရာသို့ ပုံသက်သေ ဖြစ်စေခြင်းငှါ ပြကြ၏” (၂ သက် ၃း၇-၉)။

**ပုံသက်သေသည် တမန်တော်တို့၏ အသက်တာပုံစံဖြစ်သည်။**

ပုံသက်သေကို ကျွန်တော်တို့၏ နားလည်သဘောပေါက်မှုသည် ကြီးထွား လာပြီး၊ နက်နဲလာသည်။ တပည့်တော်ဖြစ်ခြင်း၏ ဆိုလိုရင်းမှာ တမန်တော်များ၏ စံနမူနာကို လိုက်လျှောက်ကာ သူတို့၏ အယူဝါဒကို လက်ခံ၍ အသက်တာပုံစံ ဖြစ်လာရန်ဖြစ်သည်။ ပုံသက်သေပြသူများ ဖြစ်ခြင်းသည် သာမန်ရိုးရာ အသင်းတော်ပုံစံကို လိုက်ခြင်းနှင့် အလွန်ကွာခြားပါသည်။ သာမန် အသင်းတော် ပုံစံသည် အများအားဖြင့် အသင်းတော် အစည်းအဝေးများတွင် ဓမ္မဆရာ တစ်ဦးက အရှေ့တွင် ရပ်၍ သူတို့သည် ဘုရားသခင်၏လူများ လိုအပ်သော အရာအားလုံးကို ဖြည့်ဆည်းပေးရန် ကြိုးစားပြီးနောက်၊ ဘုရားသခင်၏ လူများသည် အိမ်ပြန်ကြပြီး၊ တစ်ဦးချင်းဖြစ်စေ၊ မိသားစုအလိုက် ဖြစ်စေ သခင်နောက်သို့လိုက်ရန် ရှာဖွေကြသည်။

တပည့်တော်ဖြစ်ခြင်းတွင် ကျွန်တော်တို့သည် အများနှင့် ဖွဲ့စည်းကြ၍ ပရိတ်သတ်အစည်းအဝေးပြုခြင်းနှင့် တစ်အိမ်ပြီးတစ်အိမ် ဝတ်ပြုစည်းဝေး လုပ်ဆောင်ရသည်။ ကျွန်တော်တို့သည် ပုံသက်သေကို လိုက်လျှောက်သူ ဖြစ်သည့်အတိုင်း တစ်ပတ်လျှင် ခုနစ်ရက်တပည့်တော်များ ဖြစ်သည်။

**********************

ကျွန်တော်တို့သည် တမန်တော်လူများအဖြစ် ယေရှုတည်းဟူသော
မေရှိယ၌ ဘုရားသခင်ဖိတ်ခေါ်ကြောင်း သမ္မာကျမ်းစာ
အထောက်အထားများတွင် ဖော်ပြချက်များစွာရှိသည်။

ဓမ္မသစ်ကျမ်းရှိ ကျမ်းချက်များထဲတွင် လိုက်နာသင့်သည့် တမန်တော်၏
ပုံသက်သေတစ်ခု ရှင်းရှင်းလင်းလင်းရှိပြီး၊ ထိုမှသာ အသင်းတော်သည်
ပြန်လည်ထူထောင်နိုင်ပြီး၊ ဘုရားသခင်၏ ရည်ရွယ်ချက်ကို မြေကြီးပေါ်တွင်
ပြည့်စုံစေရန်အတွက် လိုက်နာရမည်ဖြစ်သည်။

# ဘုရားသခင်၏ ရည်ရွယ်ချက်ကား အဘယ်နည်း။
# မြေကြီးပေါ်တွင် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေသည့်
# မြေကြီးပေါ်တွင် ရင့်ကျက်သော အသင်းတော်ရှိရန်

ဤကြီးမားသော စာအုပ်ငယ်သည် တမန်တော်များဖြစ်ရခြင်းအကြောင်းကို
ပိုမိုနားလည်သဘောပေါက်စေမည့် စာအုပ်ကောင်းတစ်ခုဖြစ်သည်။
ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတွင် ရှင်းလင်းစွာဖော်ပြထားသည့် တမန်တော်
ပုံစံအတိုင်းလိုက်နာကျင့်ကြံနေထိုင်ရမည့် တမန်တော်များဖြစ်ရခြင်း
အကြောင်းနှင့် မြေကြီးပေါ်တွင် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏
ရည်ရွယ်ချက်သည် အဘယ်အရာဖြစ်သည်ကို နားလည်စေနိုင်သော
စာအုပ်ငယ်ဖြစ်သည်။